# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊


*စာမျက်နှာ ၇ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဖလားရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။




# အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်

နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှု ရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ခမ်းနားလှပသည့် ပိတ်ပွဲအခမ်းအနားကြီးနှင့်အတူ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီဖြစ်သည်။

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ ဒိုင်ဂျူရီများ စုစုပေါင်း ၁၀၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှ စံချိန်သစ်များနှင့်အတူ နိုင်ငံတကာအဆင့် ပြိုင်ပွဲများသို့ ဆက်လက်တက်လှမ်းယှဉ်ပြိုင်နိုင်မည့် အလားအလာကောင်းမွန်သော လူငယ်အားကစားမျိုးဆက်သစ်များလည်း ပေါ်ထွက်လာသည်ဟု သိရသည်။ ထို့အပြင် အမျိုးသားအားကစားပွဲတော်ကြီး၏ ရည်ရွယ်ချက်နှင့်အညီ ဤပွဲတော်ကြီးတွင် ဆုံစည်းကြရာ ယှဉ်ပြိုင်ခဲ့ကြရသည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်မှုကို ကြီးမားသည့် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၊ အားကစားပွဲတော်ကြီးများကို နိုင်ငံတော်အဆင့်ဖြင့် အချိန်မှန်မှန်၊ မပျက်မကွက်ကျင်းပခြင်းသည် နိုင်ငံအတွက်အရေးပါသည့် လုပ်ငန်းစဉ်များပင်ဖြစ်သည်။ နိုင်ငံတွင် အခြေအနေပေးသည်နှင့်အမျှ အမျိုးသားအဆင့် အခြားပွဲတော်များကို အနှစ်သာရပြည့်ဝစွာ နိုင်ငံတော်က ကျင်းပပေးခြင်းအားဖြင့် တိုင်းချစ်ပြည်ချစ်စိတ်၊ မှန်ကန်သည့် မျိုးချစ်စိတ်တို့ ရှင်သန်ထက်မြက်စေနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အားကစားကဏ္ဍမြင့်မားခြင်းသည် ယင်းနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်နိုင်ခြင်းဖြစ်သည့်အလျောက် အားကစားနည်းများအလိုက် အောင်မြင်မှုမြင့်မြင့်မားမားရရှိစေရန် ကြိုးပမ်းအားထုတ်ကြဖို့ လိုသည်။

လူငယ်မျိုးဆက်သစ် အားကစားသမားများအနေဖြင့် တစ်ခေတ်တစ်ခါက အားကစားဖြင့် နိုင်ငံ့ပုံရိပ်ကို မြင့်မားစေခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကြီးများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ကြိုးပမ်းအားထုတ်မှုတို့ကို စံနမူနာယူကာ မိမိတို့ခေတ်တွင်လည်း တာဝန်ကျေပွန်ကြရန်လိုသည်။ အားကစားသမားတစ်ဦးချင်းစီတိုင်းက မိမိတို့၏ စွမ်းဆောင်ရည်များ တစ်နေ့ထက်တစ်နေ့ မြင့်သည်ထက်မြင့်မားစေရန် စိတ်ဆန္ဒထက်ထက်သန်သန်၊ ဖွဲလုံ့လဝီရိယ ကြီးကြီးမားမားဖြင့် လေ့ကျင့်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ မိမိ၏ အားကစားအောင်မြင်မှုသည် မိမိတစ်ဦးတစ်ယောက်အတွက်သာမက နိုင်ငံအတွက်ပါ ဂုဏ်သိက္ခာမြင့်မားစေမည်ဖြစ်ရာ မိမိတို့ခေတ်၏ အောင်ပွဲရ အားကစားသမားအဖြစ် နိုင်ငံကို အလုပ်အကျွေးပြုကြစေလိုသည်။

အားကစားသမားများ၏ လေ့ကျင့်မှု၊ ကြိုးပမ်းအားထုတ်မှုများအတွက် မှတ်ကျောက်တင်ကြရမည့်နေရာများမှာ အားကစားပြိုင်ပွဲများပင်ဖြစ်ရာ ရပ်ကွက်/ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ် စသည်ဖြင့် အားကစားပြိုင်ပွဲအဆင့်ဆင့်တို့ကို စဉ်ဆက်မပြတ် ကျင်းပပေးရန်နှင့် လူငယ်တို့၏ အားကစားလှုပ်ရှားမှုများကို ဝိုင်းဝန်းအားပေးကြရန်လိုသည်။ အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပပြီးစီးသွားခြင်းသည် ပွဲပြီးမီးသေပြီးဆုံးသွားခြင်းမဟုတ်ဘဲ နောက်လာမည့် ပြိုင်ပွဲများအတွက် အစသာဖြစ်သည်ဟုခံယူကာ အားကစားလှုပ်ရှားမှုများ စဉ်ဆက်မပြတ် တက်ကြွရှင်သန်နေစေရေး အလေးထား ဆောင်ရွက်ပေးကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင်ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ငုသီတာ<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာ လတ်လတ်ဝင်း<br>ပါမောက္ခ / ဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## လေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက် တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး ၃၆ နာရီအတွင်း မြောက်- အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ၂၀ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅,၂၅၀,၀၀၀ ကျပ်ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely Riddara RD6 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Yar Zar Min Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YUTONG T13E အမျိုးအစား လျှပ်စစ်သုံးခရီးသည်တင်ယာဉ်တစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သော သံအမတ်ကြီး H.E. Mr. CHENG Manith သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ညှော့ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ပူးပေါင်းဆောင်ရွက်**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအပြန်အလှန် ဖလှယ်ရေးနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုနှစ် (၇၀) ပြည့် အခမ်းအနားကို အနှစ်သာရရှိရှိဖြင့် ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ထွန်းဦး တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. CHENG Manith က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith ဦးဆောင်သော အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီးချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H . E. Mr. Bounphieng CHANTHAVONG သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ ကူးလူးဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်နိုင်မည့် အခြေအနေများ၊ အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက် လေကြောင်းတိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ပညာတော်သင်များ အပြန်အလှန်စေလွှတ်လျက်ရှိမှုနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ထွန်းဦး တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG ဦးဆောင်သောအဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဓနုဖြူမြို့နယ်ရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများဆောင်ရွက်

**ဓနုဖြူ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြု ဆရာမကြီးများ စုစုပေါင်း ၅၁ ဦး ပါဝင်သည့်အဖွဲ့သည် ဓနုဖြူမြို့နယ် ကျောင်းစုတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်က ကျောင်းစုတိုက်နယ်ပြည်သူ့ဆေးရုံ၌ ကုသမှုများဆောင်ရွက်ပေးသည်။

မအူပင်ခရိုင် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြု ဆရာမကြီးများက ဓနုဖြူမြို့နယ် ကျောင်းစုတိုက်နယ်အတွင်းရှိ ဒေသခံပြည်သူ ၄၈၉ ဦးတို့အား ကျန်းမာရေးကုသပေးမှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးကုသပေးနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျောင်းစုတိုက်နယ်ဆရာဝန် ဒေါက်တာလှိုင်မင်းတို့က လိုက်လံကြည့်ရှုအားပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ရုပ်ရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၉ / ၂၀၂၄)**
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဇ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **ရုပ်ရှင်** ဆိုသည်မှာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ ထွက်ပေါ်စေရန် နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လုပ်ခြင်းနှင့် ပြသခြင်းတို့ကို ဆိုသည်၊

(ခ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုံတင်ပြသရန်သော်လည်းကောင်း၊ ရုံတင်ပြသပြီးနောက် နည်းပညာတစ်ရပ်ရပ်ဖြင့် ဖြန့်ချိရန်သော်လည်းကောင်း၊ ရုံတင်ပြသခြင်း မပြုဘဲ အိမ်သုံးအဖြစ်သော်လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အင်တာနက် (Internet) မှ ထုတ်လွှင့်ပြသရန်သော်လည်းကောင်း၊ ပြိုင်ပွဲဝင်ရန်အတွက်သော်လည်းကောင်း ရိုက်ကူးထုတ်လုပ်ထားသော ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ ဇာတ်သဘင်၊ အငြိမ့်၊ ပြဇာတ်၊ တေးဂီတရုပ်ရှင်ကား၊ ဇာတ်လမ်းတို သို့မဟုတ် ဇာတ်လမ်းတွဲကို ဆိုသည်၊

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို ဆိုသည်၊"

(ခ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) **ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်** ဆိုသည်မှာ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးထုတ်လုပ်ရာတွင် အနုပညာပိုင်းဆိုင်ရာသော်လည်းကောင်း၊ အတတ်ပညာပိုင်းဆိုင်ရာသော်လည်းကောင်း ပါဝင်ရသည့် ဒါရိုက်တာများ၊ သရုပ်ဆောင်များ၊ ဇာတ်ညွှန်းရေးသူများ၊ တေးဂီတဖန်တီးသူများ၊ တည်းဖြတ်သူများ၊ ရိုက်ကွင်းစီစဉ်သူများ၊ ထုတ်လုပ်ရေးမန်နေဂျာများနှင့် ရုပ်ရှင်ကားတစ်ကား ထုတ်လုပ်ရာတွင် လိုအပ်ချက်အရ နည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီးပါဝင်သူများကို ဆိုသည်။"

၃။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့် စကားရပ်ကို "မြန်မာ့ရုပ်ရှင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ (ဃ)တွင်ပါရှိသော "ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ပညာသည်များ" ဆိုသည့် စကားရပ်ကို "ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၄ ခေါင်းစဉ်၊ ပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ခေါင်းစဉ်၊ ပုဒ်မ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၉ ပုဒ်မခွဲ (က)နှင့်(ခ) တို့တွင် ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့် စကားရပ်များကို "ဦးစီးဌာန" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၅။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ(ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)နှင့်(ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊
(ည) ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊
(ဋ) ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊
(ဌ) ရုပ်ရှင်စတူဒီယို(Studio)တည်ထောင်လုပ်ကိုင်ခြင်း၊
(ဍ) ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့် အထူးပြုလုပ်ချက်များ ဆောင်ရွက်ခြင်း၊
(ဎ) အွန်လိုင်း(Online) ရုပ်ရှင်ရုံ တည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ(Applications) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ (Online Platforms) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း။"

၆။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဦးစီးဌာနသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။"

၇။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဦးစီးဌာနသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။"

၈။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) တို့တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ ဦးစီးဌာနသည် ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။"

၁၀။ ရုပ်ရှင်ဥပဒေ အခန်း(၆)၏ နောက်တွင် အခန်း (၇) နှင့် အခန်း (၈) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

**အခန်း(၇)**
**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၂၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံးကျပ်နှစ်သိန်းထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၂။ ဦးစီးဌာနသည် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ထိခိုက်စေရန် လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း သို့မဟုတ် ဟောပြောခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်အကြည်ညိုပျက်စေရန် ပြုမူပြောဆိုခြင်း၊ ကြေညာခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ဆန့်ကျင်သော မည်သည့်လှုပ်ရှားမှုမျိုးမဆို ပါဝင်ပတ်သက်ခြင်းကို သော်လည်းကောင်းပြုသည့် မည်သည့်ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်ကိုမဆို အောက်ပါ စီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မည်သည့်ရုပ်ရှင်ကား ထုတ်လုပ်ရာတွင်မဆို ပါဝင်လုပ်ကိုင်ခြင်းကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ကန့်သတ်တားမြစ်ခြင်း။

၃၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၄။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၃၅။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၆။ ဦးစီးဌာနက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ ဦးစီးဌာန၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

**အခန်း(၈)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

၃၈။ မည်သူမဆို-

(က) အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း နှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်-

(၁) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ လုပ်ငန်းအမျိုးအစား တစ်မျိုးမျိုးကို လုပ်ကိုင်ခြင်း၊

(၂) ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကို ပြသခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုများကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းနှစ်ဆယ်မှ အများဆုံး ကျပ်သိန်းသုံးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပြည်တွင်း၌ ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို ရုပ်ရှင်ဆင်ဆာလက်မှတ် မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပ၌ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၄၀။ မည်သူမဆို ရုပ်ရှင်ဆင်ဆာအဖွဲ့၏ ဖြတ်တောက်ရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ရုပ်ရှင်ကားကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

၄၁။ မည်သူမဆို-

(က) ရုပ်ရှင်ရုံလိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

( ခ ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကိုထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း နှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၁၁။ ရုပ်ရှင်ဥပဒေ မူလပုဒ်မ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့ကို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉ နှင့် ၅၀ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၆ ၏နောက်တွင် ပုဒ်မ ၄၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၆-က။ ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။"

၁၃။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

( ခ ) ပြန်ကြားရေးဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၅၇ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)
**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်အေးအေးမော်အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၅၈ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)
**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးကြည်အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးတို့ကို သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.CHENG Manith ကို ယနေ့မွန်းလွဲ ၁နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H . E. Mr. Bounphieng CHANTHAVONG ကို မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

လာအိုနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တည်ရှိပြီး နှစ်နိုင်ငံ ယန္တရားများမှတစ်ဆင့် ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံ ဘုံအကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်စွမ်းအားအစရှိသည့် ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.CHENG Manith အား လက်ခံတွေ့ဆုံစဉ်။



## ရမည်းသင်းမြို့နယ်၌ ကျောင်းအခြေပြုတီဘီရောဂါရှာဖွေစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်

**ရမည်းသင်း ဒီဇင်ဘာ ၂၀**

ရမည်းသင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်က တီဘီရောဂါလက္ခဏာများနှင့် တီဘီရောဂါဖြစ်ပွားစေတတ်သော အကြောင်းအရာများကို အသိပညာပေးပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအား တီဘီရောဂါ ရှိ မရှိ စစ်ဆေးခဲ့ပြီး တီဘီရောဂါသံသယရှိသော ကျောင်းသား ကျောင်းသူများကို သလိပ်စစ်ဆေးခြင်း၊ ရင်ခေါင်းဓာတ်မှန်ရိုက်ခြင်းနှင့် သွေးစစ်ဆေးခြင်းတို့ကို တီဘီဌာနနှင့် ဓာတ်မှန်ဓာတ်ခွဲဌာနတို့၌ စစ်ဆေးပြီး လိုအပ်သည့်ကုသမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် ဧည့်သည်တော်များ ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။

◆ *ရွှေဖုံးမှ*

မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

**ဖျော်ဖြေတင်ဆက်**

အခမ်းအနားမစတင်မီ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**အနိုင်ရဗိုလ်စွဲ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်သည်တော်များသည် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောအဖိုးတန်အနိုင်ဂိုးဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

**ကြည့်ရှုအားပေး**

ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အဖြစ် “ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန်တစ်ခေတ်ဆန်း” အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ကျင်းပဆောင်ရွက်ခဲ့မှုအား ရိုက်ကူးတင်ဆက်ထားသည့် “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်” မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများသည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

**ဆုတံဆိပ်များပေးအပ်**

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် တံခွန်စိုက်ဆုဖလားရရှိသော ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်းများကို ဆုချီးမြှင့်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့က အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်းအားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်လာဘ်ကောင်ရုပ်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း

*စာမျက်နှာ ၈ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဒုတိယဆုရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်လာဘ်ကောင်ရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး တတိယဆုရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်လာဘ်ကောင်ရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၇ မှ*

ဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ကာကွယ်ရေးဝန်ကြီးဌာနကို တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး အကောင်းဆုံးကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး အကောင်းဆုံး အလယ်တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အကောင်းဆုံး နောက်တန်းကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော အကောင်းဆုံးဂိုးသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့တွင် ဒီဇင်ဘာ ၂ ရက်မှ စတင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အားကစားနည်း (၆)မျိုး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် အားကစားနည်း(၂၃)မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း (၄)မျိုး သတ်မှတ်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး စုစုပေါင်း (၁၀၀၀၀)ကျော် ပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယခု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးသည်လည်း ယခင်ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များနည်းတူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

ယခုအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ဆုံစည်းမှုသည် သာမန်ဆုံစည်းမှု မဟုတ်ကြောင်း၊ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကိုအခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီးချစ်ကြည်စွာ ဆုံစည်းခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အားကစားပြိုင်ပွဲသက်သက် ကျင်းပခြင်းထက်ပိုသည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ပြသနိုင်သည့်ပွဲတော်၊ တစ်မျိုးသားလုံး၏ ကြံ့ခိုင်သန်စွမ်းမှုနှင့် စွမ်းအားများ ဝင့်ကြွားခံ့ထည်မှုကို ပြသနိုင်ခဲ့သည့်ပွဲတော်ကြီး ဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၉ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်းအထိမ်းအမှတ်အဖြစ် “ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန် တစ်ခေတ်ဆန်း” အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



❒ **မိမိတို့ အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်၊ နိုင်ငံသူနိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထား အသိအမှတ်ပြု**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၈ မှ*

မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ယခုအမျိုးသားအားကစားပွဲတော်တွင် နိုင်ငံတော်၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့်စကားအချို့ကို ပြောလိုပါကြောင်း၊ **မိမိတို့ အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ နိုင်ငံသူနိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထား အသိအမှတ်ပြု**ကြောင်းကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့်အခါ၌ မိမိနိုင်ငံ၏ အလံနှင့် နိုင်ငံတော်သီချင်း လွှင့်တင်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာမရှိပါကြောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်ကြောင်း၊ မြန်မာဟူသည့်စိတ်ကို နိုးထစေပြီး နိုင်ငံကိုကာကွယ်နေခြင်းပင်ဖြစ်ကြောင်း၊ နှစ်စဉ်တည်ရှိနေမည့် အားကစားပွဲများမှ နိုင်ငံသားတိုင်း၏ နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ်ဂုဏ်ယူလိုစိတ်များကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

### ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသာမက မဟာဗျူဟာအချက်အချာကျသည့် ကမ္ဘာ့နိုင်ငံငယ်အများစုသည်လည်း ယင်းအခြေအနေနှင့် ကြုံနေရကြောင်း၊ ထိုကဲ့သို့အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်နေမှုများအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ကာကွယ်ရန်လိုကြောင်း၊ အထူးအလေးအနက်ထား ပြောကြားလိုသည်မှာ ထိုကဲ့သို့ **အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြုပါ**ကြောင်းကို ပြောကြားလိုကြောင်း၊ **တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်၊ အမျိုးသားရေး ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကိုတိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်**ကြောင်း၊ ထို့ကြောင့် **မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကို ကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထား ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်ပါ**ကြောင်းကိုပြောကြားလိုကြောင်း။

❖ **အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြု၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်၊ အမျိုးသားရေး ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကို တိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင် ကာကွယ်ပေးနေသည့် သူရဲကောင်းများ ရှိနေခြင်းကြောင့်ပင်ဖြစ်**

❖ **မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကို ကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထား ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်**

ယခုပြိုင်ပွဲကြီးဖြစ်မြောက်အောင် ကဏ္ဍအသီးသီးမှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားကျင်းပနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြသူများနှင့် ပါဝင်ဆောင်ရွက်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ဝန်ထမ်းများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ပေးခဲ့ကြသည့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုကြောင်း။

### အလေးထားဆောင်ရွက်

ယခု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပခဲ့ခြင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့်(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲကြီးမှ ရွေးချယ်ရရှိသည့် အရည်အချင်းမီအားကစားသမားများကို ပြန်လည်စုဖွဲ့လေ့ကျင့်ပြီး ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

*စာမျက်နှာ ၁၀ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပ ပြီးစီးခြင်းအထိမ်းအမှတ် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၉ မှ*

ယခုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားမောင်တို့မယ်တို့အနေဖြင့် လေ့ကျင့်သား ပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ဉာဏ်ရည် ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု၊ အပြန် အလှန်နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် အားကစားကဏ္ဍမှသည် ဖွံ့ဖြိုးတိုးတက်သည့် လူမှု အသိုက်အဝန်းဆီသို့ တက်လှမ်းနိုင်ကြပါစေကြောင်း၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေ ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ် ပေးနိုင်ကြပါစေကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သူ များ ဖြစ်ကြပါစေကြောင်းကို ဆန္ဒပြုတိုက်တွန်းပါ ကြောင်းပြောကြားပြီး ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် မြောက် အမျိုးသားအားကစားပွဲတော် ပိတ်သိမ်း ကြောင်း ကြေညာသည်။

ထိုသို့ ပိတ်သိမ်းကြောင်းကြေညာလိုက်သည် နှင့်တစ်ပြိုင်နက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပ ပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ကြသည်။ ထို့ပြင် ဒီဇင်ဘာ ၉ ရက်နေ့ ဖွင့်ပွဲအခမ်းအနားကျင်းပချိန်တွင် မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ လက်ဆင့် ကမ်းသယ်ဆောင်ထွန်းညှိခဲ့သည့် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်းကြီး၏ အရှေ့တောင်ထောင့်အပေါ် ဆုံးတွင်ရှိ သည့် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် ပင်မအထိမ်းအမှတ် မီးရှူးတိုင် ကိုလည်းတစ်ပြိုင်တည်း မီးငြိမ်းသတ်ခဲ့သည်။

ယင်းနောက် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်အလံကို တိုင်ထိပ်မှ ချ၍ ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်သွားကြပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် နိုင်ငံတော် စစ်တီးဝိုင်းတို့သည်လည်း ကွင်းအတွင်းမှ ပြန်လည် ထွက်ခွာကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာအကများ ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြု ဖျော်ဖြေတင်ဆက်ခြင်းနှင့် ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ် မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲသီချင်း "ရွှေပြည်တော်သို့ တို့အတူ"သီချင်းကို သီဆိုဖျော်ဖြေ တင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခဲ့သည်။

ယင်းနောက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစား သမားဟောင်းကြီးများ၊ မသန်စွမ်းအားကစားနည်း ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမား များအား တစ်ဦးချင်းမိတ်ဆက်ပေးပြီးနောက် အခမ်း အနား အောင်မြင်စွာ ပြီးမြောက်ခြင်းအထိမ်းအမှတ် အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော် ကို ၁၉၉၂ ခုနှစ်တွင် မေ ၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း (၂၂)နည်းဖြင့် လည်း ကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း(၂၄)နည်းဖြင့် လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်တွင် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ နည်းဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက် အထိ နေပြည်တော်၌ အားကစားနည်း (၂၇) နည်းဖြင့် လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့် အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိ သော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီး မှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစား လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ် ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း(၆)နည်း၊ ပြည်နယ်နှင့် တိုင်းဒေသ ကြီးအဆင့် အားကစားနည်း(၂၃)နည်းနှင့် မသန် စွမ်းအားကစားနည်း (၄) နည်း စုစုပေါင်း ၃၃ နည်း တို့ဖြင့် ဒီဇင်ဘာအစောပိုင်းမှစတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် အောင်မြင်စွာဖြင့် ပိတ်သိမ်းခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




မွန်တိုင်းရင်းသားရိုးရာ လခြမ်းတူရိယာပုံစံအကဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။

# ထိပ်ဆုံးက တို့အလံ

* အမျိုးသားအားကစားပွဲတော်ကြီး
ပြီးမြောက်လို့ အောင်မြင်ပြီ၊
အောင်လံထူ အောင်သံပေးတဲ့
အောင်တေးကိုစီ၊
"သီကြွေးကြ သံပြိုင်ညီ
ခိုင်ကျည်တဲ့ လေ့ကျင့်အား"။
"အားကစားနည်း အလီလီ
တစ်ဦးချင်းစီ ထုတ်ဖော်သွား"။
ကစားပုံ နည်းစုံကျွမ်းတယ်
စွမ်းရည်မြင့်မား။

* ပြိုင်ပွဲဝင် မောင်မယ်များရဲ့
အားကစား စိတ်ဓာတ်ခိုင်
ဖွဲ့က မလျှော့ိုင်၊
ပြိုင်ဘက်နဲ့ယှဉ်ပြိုင်
အနိုင်မခံ အရှုံးမပေး။
မျက်စိရှင် လျှင်မြန်သွက်
ဉာဏ်ထက်တယ်လေး။

* အားကစား ပွဲတော်ကြီးက
ရွှက်ပုန်းသီး မြောက်မြားစွာ
တောက်ကြွားလို့လာ၊
မျိုးဆက်သစ် ပွားတိုးကာ
အားကိုးစရာ ရတနာများ။
အားကစားအမွေ လက်ဆင့်ကမ်းလို့
ထမ်းမည့်အင်အား။

* အားကစားအမိဌာန် ဦးထိပ်ရွက်
သစ္စာလေးချက် စောင့်ထိန်းကာ၊
အားကစား ကျင့်ဝတ်များ
လေးစားလိုက်နာ၊
ကိုယ့်နိုင်ငံ အလံလွှင့်ပါလို့
အမြင့်ဆုံး တည်ဖို့ရာ
အားခဲကာ ကြိုးပမ်း။
နိုင်ငံတကာ ယှဉ်ပြိုင်ပွဲမှာလ
ပိုင်နိုင်စွာ ရင်ဆိုင်ရဲပါတဲ့
ခိုင်သန်မာ မြန်မာဖွဲ့ရယ်နဲ့
နွှဲလိုက်ကြစမ်း။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ပိတ်ပွဲအခမ်းအနား မြင်ကွင်း








၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ပရိသတ်များ အားပေးကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်းအထိမ်းအမှတ် ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန် တစ်ခေတ်ဆန်း သီဆိုသရုပ်ဖော်တင်ဆက်ကပြမှုကို တွေ့ရစဉ်။







၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားမြင်ကွင်း



ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားသမား ဟောင်းကြီးများကို တွေ့ရစဉ်။



ရွှေတံဆိပ်ဆုရ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားသမားဟောင်းကြီးတစ်ဦး ကွင်းအတွင်းသို့ ဝင်ရောက်လာပြီး ပရိသတ်များအား လက်ပြနှုတ်ဆက်စဉ်။



အတာသင်္ကြန်အကများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားသမားဟောင်းကြီးများက အမျိုးသားအားကစားပွဲတော်အလံကို သယ်ဆောင်လာစဉ်။



မြန်မာ့သိုင်းပညာ စွမ်းရည်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ပြိုင်ပွဲဝင်တစ်ဦး စွမ်းရည်ပြသစဉ်။



ချင်းတိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားမြင်ကွင်း





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို တွေ့ရစဉ်။



ကချင်တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။







မြန်မာ့သိုင်းပညာစွမ်းရည်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရပြိုင်ပွဲဝင်အားကစားသမားများက စွမ်းရည်ပြကွက်များ ပြသစဉ်။







# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈ / ၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရေဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၈/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

**လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပစ္စည်းများ ဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပုသိမ်ကြီးမြို့နယ် မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပုသိမ်ကြီးမြို့နယ် အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ/ ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတကာ Esport အဖွဲ့ချုပ် (IESF) ၏ ယခုနှစ် အကောင်းဆုံး Esport နိုင်ငံဆုတွင် မြန်မာ ဒုတိယရရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နိုင်ငံတကာ Esport အဖွဲ့ချုပ် (IESF) ၏ ယခုနှစ် အကောင်းဆုံး Esport နိုင်ငံဆုတွင် မြန်မာနိုင်ငံမှ Myanmar Electronic Sports Federation က ဒုတိယဆုရရှိကြောင်း IESF က ထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံက အကောင်းဆုံးဆုကိုရရှိခဲ့ပြီး ဆုအတွက် ကြေညာခြင်းနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော IESF World Esports Summit တွင် ပေးအပ်ခဲ့ကြောင်း၊ အဆိုပါ ဆုပေးအပ်ရန်အတွက် စံနှုန်းများအတွင်း လုပ်ငန်းလည်ပတ်ရေးကျွမ်းကျင်မှု၊ ပြိုင်ပွဲများတွင် အောင်မြင်မှု၊ စျေးကွက်ရှာဖွေနိုင်ခြင်း၊ နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့်တွင် Esport ကို ကြီးထွားစေရန် ကြိုးပမ်းမှုတို့ပါဝင်ကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။ အဆိုပါ ထုတ်ပြန်ချက်ပါ ထိပ်တန်းအဖွဲ့ချုပ်ငါးခုအနက် အင်ဒိုနီးရှားက အမှတ်ပေါင်း ၁၉၄၉ ဖြင့် ပထမ၊ မြန်မာက အမှတ်ပေါင်း ၁၉၁၀ ဖြင့် ဒုတိယ၊ ပိုလန်က အမှတ်ပေါင်း ၁၈၃၃ ဖြင့် တတိယ၊ ဟန်ဂေရီက အမှတ်ပေါင်း ၁၈၂၂ ဖြင့် စတုတ္ထ၊ ဆားဘီးယားက အမှတ်ပေါင်း ၁၈၂၀ ဖြင့် ပဉ္စမရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် DOTA 2 အသင်းဖြစ်သော Yangon Galaticos သည် IESF World Esports Championship 2023 တွင် ဒုတိယ ငွေတံဆိပ်ရခဲ့သကဲ့သို့ IESF World Esports Championship 2024 တွင်လည်း Top 8 ဝင်ခဲ့ကာ မြန်မာ့လက်ရွေးစင် PUBG Mobile အသင်းဖြစ်သော Genesis Esports သည် IESF World Esports Championship 2024 တွင် 4th Place နေရာရောက်ခဲ့သည်။ **Htet Oo Maung**




# သာစည်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ဥပဒေဆိုင်ရာနှင့် မူခင်းအသိပညာပေးဟောပြောပွဲပြုလုပ်

**သာစည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ရွှေတုတ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ယနေ့နံနက်ပိုင်းက ဥပဒေဆိုင်ရာနှင့် မူခင်းအသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ဥပဒေဆိုင်ရာနှင့် မူခင်းအသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးအောင်ဖြိုးလွင်က ဥပဒေဆိုင်ရာများနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကို လည်းကောင်း၊ ညောင်ရမ်းရဲကင်းစခန်းမှ ဒုတိယရဲအုပ်ဇော်လင်းထွန်းက မူခင်းဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။



ထို့နောက် ကျောင်းသား ကျောင်းသူများက ဥပဒေဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များမေးမြန်းဆွေးနွေးရာ မြို့နယ်ဥပဒေအရာရှိက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းလှမြို့နယ်၌ မိုးစပါးတစ်ဧက တင်းရာကျော်ထွက်



**အထက်မင်းလှ ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ မိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါးရောမင်း စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၁၈ ရက်က တောင်သူဦးပန်းမြိုင်၏ တစ်ဧက စိုက်ကွက်၌ ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့်တာဝန်ရှိသူများ၊ ဒေသခံတောင်သူများပူးပေါင်း၍ မိုးစပါး စံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်သည်။ မိုးစပါးရောမင်းကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းဖြစ်ပြီး ဩဂုတ် ၃ ရက်က စတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၇ ရက် အထိ ရက်ပေါင်း ၁၃၅ ရက်အကြာတွင် စံကွက် ရိတ်သိမ်းခဲ့ခြင်းဖြစ်ပြီး မိုးစပါးစံကွက်တစ်ဧကလျှင် အစို ၁၀၇ တင်း၊ အခြောက် တစ်ဧကလျှင် ၉၇ တင်း ထွက်ရှိကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

* ကျောဖုံးမှ

ကာကွယ်ဆေးများကို ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း (ရန်ကုန်) သို့ အအေးလမ်းကြောင်းမပျက် ဆက်လက်ပို့ဆောင်သည်။

အဆိုပါ ပိုလီယိုရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ဆောင်ရွက်လျက်ရှိသည့် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးအစီအစဉ်တွင်လည်းကောင်း၊ အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ကာကွယ်ဆေး ထပ်မံ တိုက်ကျွေးပေးရန်လိုအပ်သည့် ကလေးငယ်များအတွက် ဆောင်ရွက်မည့် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရေးနေ့များအတွက်လည်းကောင်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပိုလီယိုရောဂါကင်းစင် ပပျောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့အထိမ်းအမှတ်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅) နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**
နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့အထိမ်းအမှတ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် ဗီယက်နမ်စစ်သံမှူး Senior Col. Dao Van Duy ၊ ဗီယက်နမ် သံအမတ်ကြီး H.E.Ly Quoc Tuan ၊ တာဝန်ရှိသူများ၊ ဗီယက်နမ် စစ်သံရုံးနှင့် DSAC အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကိတ်မုန့်လှီးဖြတ်**

ဦးစွာ တိုင်းမှူးနှင့် ဗီယက်နမ် စစ်သံမှူး၊ ဗီယက်နမ် သံအမတ်ကြီး၊ တက်ရောက်လာကြသူများက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်၍ အလေးပြုကြပြီး ဗီယက်နမ် ပြည်သူ့တပ်မတော် ဖွဲ့စည်းခြင်းဆိုင်ရာ မှတ်တမ်း ရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဗီယက်နမ် စစ်သံမှူး၊ ဗီယက်နမ် သံအမတ်ကြီးတို့က အထိမ်းအမှတ်ကိတ်မုန့် လှီးဖြတ်ပေးကြသည်။

**တင်ဆက်မှုကြည့်ရှု**

ဆက်လက်၍ တိုင်းမှူးနှင့် ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ် သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ ညစာ သုံးဆောင်ကြပြီး အနုပညာ ကပြ တင်ဆက်မှုများအား ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ချမ်းမြသာစည်မြို့နယ်၌ ဆရာဝန်တစ်ဦးကို ပြန်ပေးဆွဲ၍ ခြောက်လှန့်ငွေတောင်းခံရာမှ ဆရာဝန်သေဆုံး ပြစ်မှုကျူးလွန်သူ အမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**
မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ ဦးအောင်ကျော်စိုး(၆၇)နှစ်ထံသို့ ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှ ဖုန်းအမှတ် ၀၉၆၈၁၂၀၁၄၅၅၇ ဖြင့် ဆက်သွယ်၍ သားဖြစ်သူ ဒေါက်တာ အောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲထားကြောင်း၊ အသက်မသေစေလိုက ငွေကျပ်သိန်း ၃၀၀၀ ကို မဟာမြတ်မုနိဘုရားကြီး တောင်ဘက်မုခ်သို့ လာထားရန်၊ လာထားသော ငွေကို ၎င်းတို့လက်ခံရရှိပြီးမှသာ ဖုန်းဆက်သွယ်၍ သားဖြစ်သူအား ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း၊ မည်သည့် အဖွဲ့အစည်းကိုမျှ တိုင်တန်းခြင်းမပြုရန် ပြောသဖြင့် ဦးအောင်ကျော်စိုးသည် မည်သူ့ထံမျှ တိုင်တန်းခြင်းမပြုဘဲ ၎င်းချိန်းဆိုသည့်နေရာသို့ သွားရောက်၍ ငွေကျပ်သိန်း ၃၀၀၀ ကို ပြန်ပေးဆွဲသူ ထားခိုင်းသည့်နေရာသို့ ပို့ဆောင်ခဲ့ပြီးနောက် ငွေလက်ခံရရှိကြောင်း ပြန်ဆက်သွယ်သော်လည်း သားဖြစ်သူ ဒေါက်တာ အောင်မြင့်မြတ်ထွန်းမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အောင်ပင်လယ်နယ်မြေ ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် အောင်ပင်လယ်နယ်မြေရဲစခန်း (ပ)၂၆၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

**စုံစမ်းဖော်ထုတ်**

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီတွင် မသင်္ကာသူ ဒေါက်တာ အောင်ဇင်ဖြိုး (၃၆)နှစ်(ဘ)ဦးစိုးမြင့် (ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ၈၂ လမ်း လမ်းသစ်လမ်း x ၁၀၅ လမ်းကြား ငွေလရောင်ဆေးခန်း)အား စစ်ဆေးခဲ့ရာ ၎င်း၏ထွက်ဆိုချက်အရ ဒေါက်တာ အောင်မြင့်မြတ်ထွန်းနှင့် ဆေးကျောင်းအတူတက်ရောက်ခဲ့သည့် သူငယ်ချင်းများဖြစ်ကြောင်း၊ ၎င်းသည် Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားများကြောင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ ဒေါက်တာ အောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲ၍ ဒေါက်တာ အောင်မြင့်မြတ်ထွန်း၏ မိဘများထံ ငွေကြေးတောင်းခံရန် ရည်ရွယ်ကာ မြို့ဟောင်းရှိ ၎င်းပိုင် ငွေလရောင်ဆေးခန်းသို့ ဖုန်းဆက်ခေါ်ခဲ့ကြောင်း၊ သူငယ်ချင်းဖြစ်သူ ဒေါက်တာ အောင်မြင့်မြတ်ထွန်း ကားဖြင့် ရောက်ရှိလာချိန်တွင် ဒေါက်တာ အောင်ဇင်ဖြိုးသည် ၎င်း၏ဆေးခန်းမှ အကူဖြစ်သူ လွှမ်းဇင်အောင်(ခ)မိုးဒီနှင့်အတူ ချုပ်နှောင်နပန်းလုံးပြီး ပါးစပ်၊ လက်၊ ခြေထောက်တို့ကို တိတ်ဖြင့်ပတ်၍ လည်ပင်းညှစ်ရာမှ သေဆုံးသွားသဖြင့် အလောင်းအား ဆေးခန်းအတွင်း၌ထားရှိကာ ဒေါက်တာ အောင်မြင့်မြတ်ထွန်း၏ မိဘများထံ ဖုန်းဖြင့်အသံဖျက်၍ ပြန်ပေးဆွဲထားကြောင်း၊ ငွေကျပ်သိန်း ၃၀၀၀ ကို မဟာမြတ်မုနိဘုရား တောင်ဘက်မုခ်သို့ လာရောက်ပို့ဆောင်ရန် ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ဒေါက်တာ အောင်မြင့်မြတ်ထွန်း၏ မိဘများက လာရောက်ထားပေးခဲ့သည့်ငွေများကို မီနီအိုးဝေဖြင့် အဆင့်ဆင့်ငှား၍ယူဆောင်ကာ အဆိုပါငွေထဲမှ ငွေ ၂၂ သိန်း ၅ သောင်းကျပ်ဖြင့် Canda 125 အမျိုးအစား ဆိုင်ကယ် တစ်စီး၊ ငွေကျပ် ၈၈ သိန်းဖြင့် Scoopy အမျိုးအစားဆိုင်ကယ်တစ်စီး၊ ငွေကျပ်သိန်း ၈၀၀ ဖြင့် MDY-13 9N/6995 Honda Inside အမျိုးအစားမော်တော်ယာဉ်တစ်စီးတို့ကို ဝယ်ယူခဲ့ကြောင်းနှင့် သေဆုံးသူ ဒေါက်တာ အောင်မြင့်မြတ်ထွန်း၏ အလောင်းအား သေဆုံးသူ၏ MDY-13 2L/2843 Honda Inside မော်တော်ယာဉ်ဖြင့် သယ်ယူကာ ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား၊ လမ်းဘေးရှိ ရေမြောင်းထဲသို့ပစ်ချခဲ့ကြောင်း၊ မော်တော်ယာဉ်အား တောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ လွှမ်းဇင်အောင်(ခ) မိုးဒီ (၂၈) နှစ် (ဘ) ဦးတင်ထွန်းကိုလည်း ဆက်လက် ဖမ်းဆီးရမိခဲ့သည်။






ဒေါက်တာ အောင်မြင့်မြတ်ထွန်းကို ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် တရားခံ အောင်ဇင်ဖြိုး(၃၆)နှစ်နှင့် လွှမ်းဇင်အောင်(ခ) မိုးဒီ (၂၈)နှစ်တို့ နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**သိမ်းဆည်းရမိ**

စစ်ဆေး ပေါ်ပေါက်ချက်အရ ဒေါက်တာ အောင်မြင့်မြတ်ထွန်း၏ အလောင်းကို ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား လမ်းဘေးရှိ ရေမြောင်းအတွင်းမှလည်းကောင်း၊ ကားကို တောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်းမှလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲခြိမ်းခြောက်တောင်းဆိုရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် ဆိုင်ကယ်နှစ်စီး၊ မော်တော်ယာဉ် တစ်စီး၊ ငွေစက္ကူရောရာ ၁၀၂၂ သိန်းကျပ်နှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီးတို့ကို ဖော်ထုတ် သိမ်းဆည်းရမိခဲ့သည်။

**မိဘပြည်သူများ သင်ခန်းစာယူ**

ပြစ်မှုကျူးလွန်သူ တရားခံ အောင်ဇင်ဖြိုးနှင့် မိုးဒီ(ခ)လွှမ်းဇင်အောင်တို့ နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဖြစ်စဉ်မှ တရားခံ အောင်ဇင်ဖြိုးသည် ဆရာဝန်တစ်ဦးဖြစ်သော်လည်း Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားများ လုပ်ဆောင်သဖြင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူအား ပြန်ပေးဆွဲသတ်ဖြတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူ၍ မိဘပြည်သူများအနေဖြင့်လည်း Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားများကို မပြုလုပ်ကြရန်နှင့် Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်သူများ၏ သတင်းရရှိပါကသက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# လဲချားမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လဲချား ဒီဇင်ဘာ ၂၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကုန်းကျေးရွာရှိ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၂၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်၊ လဲချားမြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်ကုန်းကျေးရွာတွင် ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ၂ မိုင် ၄ ဖာလုံရှိ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်း အကုန်အကျခံကာ ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **မောင်ခိုင်**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**
နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီသီထွန်း ပါမောက္ခ(ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit ၁၂ ခု ပါရှိပြီး Unit ၃ ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။

Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာဖြစ်ပါတယ်။ အဲဒီမေးခွန်းတွေရဲ့ အများစုဟာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၁** ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခုမေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

As the instructions were not clear enough, the players got c-----------. လို့ ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ confused ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံး အနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့စကားလုံး သုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ **မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်း တစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲဒီဝါကျအတွက် မှန်ကန်တဲ့စကားလုံးကို ရွေးချယ်ရမှာဖြစ်တယ်။

ဥပမာ –

In this age of technology, some people are still using ----------- methods of farming. ဆိုတဲ့မေးခွန်းမှာ (A) exotic (B) primitive (C) classical လို့ပေးထားရင် အဖြေမှန်ဟာ (B) primitive ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

My mother asked me ----------- dinner for the family. ဆိုတဲ့မေးခွန်းမှာ (A) to prepare (B) prepare (C) preparing လို့ ပေးထားရင် သဒ္ဒါအရ မှန်တဲ့အဖြေဟာ (A) to prepare ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ် သိရှိမှု၊ သဒ္ဒါမှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိမရှိကို စစ်ဆေးတဲ့မေးခွန်း ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် **Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ ၁၀ ကြောင်းကို ဝါကျတွေရဲ့နောက်မှာ ကွင်းထဲမှာပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ –

He runs and jumps like he has superpowers. (Use 'as if/ as though'.) လို့မေးလာခဲ့ရင် He runs and jumps as if he had superpowers. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေ ကျေကျေညက်ညက် လေ့လာထားခြင်း ရှိ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

IV. (A) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ မေးထားပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း ၂ ကြောင်း ပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့ လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကို ဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုတယ်။

ဥပမာ –

You cannot tell -----------

By the way the building looks.

လို့ မေးရင် its magic လို့ ဖြေပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV. (B) ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း ၂ ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ –

Who are the most responsible persons for imparting good manners to children? လို့ မေးရင် The most responsible persons for imparting good manners to children are all the elders of the present generation. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာတစ်ခုကတော့

I took the one less traveled by,

And that has made all the difference. လို့ ကဗျာစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီ ၂ ကြောင်းကို စကားပြေ ပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

V. (A) က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်း ပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံး တစ်လုံး ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place." လို့ပေးထားပြီး

Treating everyone with kindness is another key element to make yourself ------. လို့မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ noun phrase ဖြစ်နေပြီး မေးထားတဲ့ ဝါကျမှာဖြေရမယ့်အဖြေဟာ adjective ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ 'happier' ဖြစ်တယ်။

V. (B) ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "The biggest barrier to happiness is envy, which is a state of desiring other people's qualities, possessions, opportunities, etc." လို့ပေးထားပြီး

What is envy? လို့မေးထားရင် အဖြေက "Envy is a state of desiring other people's qualities, possessions, opportunities, etc." လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

**မေးခွန်းနံပါတ် ၆** ကတော့ unseen reading passage ပေးထားပြီး စာပိုဒ်တစ်ပိုဒ်(သို့မဟုတ်)တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကိုပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

VI. A ကတော့ **Find the bold-faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစုငါးခု ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာဖြစ်ပါတယ်။ ဥပမာ– sufficient or satisfactory လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းရဲ့အဖြေမှန် adequate ကို ရေးပေးရမှာဖြစ်ပါတယ်။

VI. B ကတော့ **Answer the following questions. Give complete answers.** ပဲ ဖြစ်ပါတယ်။ What is the main idea of the passage? လို့မေးရင် စာပိုဒ်တစ်ခုလုံးရဲ့ အဓိကအကြောင်းရင်းကို မေးတာဖြစ်လို့ The main idea of the passage is that nonverbal communication depends on culture and gender. လို့ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၇** ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, Grade 11, Grade 12 တွေမှာပါတဲ့ Listening အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII. (A) ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ expression တစ်ခုပိုပေးထားပါတယ်။

ဥပမာ–

Thurein : Khant Khant! How are things? Long time no see.

Khant Khant : Hey, Thurein! ----------- လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ It's been a while since we last met. လို့ ဖြေပေးရပါမယ်။

VII. (B) ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလဲ expression တစ်ခု ပိုပေးထားပါတယ်။

**မေးခွန်းနံပါတ် ၈** ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11 နဲ့ Grade 12 စာအုပ်တွေမှာပါတဲ့ **formal letter** နဲ့ **informal letter** များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser)နဲ့

*စာမျက်နှာ ၁၇ သို့*

# မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မောင်မယ်သစ်လွင်ကြိုဆို



**မြောင်းမြ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲကို ဒီဇင်ဘာ ၁၇ ရက်က တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး အလှူငွေကျပ် ငါးသိန်းကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က လက်ခံရယူသည်။ ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဌာနမှူးများ၊ ရုံးအဖွဲ့များနှင့် ပထမနှစ် ကျောင်းသား ကျောင်းသူများက section အလိုက် မိတ်ဆက်ခြင်း၊ King နှင့် Queen ရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# ထန်းတပင်၌ မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြ



**ထန်းတပင် ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၉ ရက်က မြို့မဈေးအတွင်း ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်ရာတွင် ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများက လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်မော်တော်ယာဉ်ဖြင့် ရေပက်ဖျန်းခြင်း၊ ဈေးဆိုင်ခန်းများအတွင်း လျှပ်စစ်ဝိုင်ယာသွယ်တန်းမှုများ၊ ရေကန်များစစ်ဆေးခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ဝင်းစိန်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေးပြုလုပ်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ဌာနဆိုင်ရာများ၊ ဈေးသူဈေးသားများက အားပေးခဲ့ပြီး မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မီးခိုးမြူငွေ့လျှော့ချရေးနှင့် အမျိုးသမီးများကဏ္ဍ ပတ်ဝန်းကျင်အသိပညာပေးဟောပြော



**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့ ပူးပေါင်းဆောင်ရွက်သော ပြည်နယ်အဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၈ ရက်က ကွန်ပျူတာတက္ကသိုလ်(ဘားအံ)ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မာလာထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်လျှော့ချရေး၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်များဖြင့် ဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



သထုံမြို့နယ်၌ ဒီဇင်ဘာ ၁၈ ရက်က အောက်ကျင်းရပ်ကွက်ရှိ သုဝဏ္ဏဈေးနှင့် မြို့မဈေးတို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွှန့်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

# မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး



**မအူပင် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ မီးဘေးအန္တရာယ် လုံခြုံမှုရှိစေရန် ဒီဇင်ဘာ ၁၈ရက်က မြို့မဈေး၊ အောင်ရတနာဈေးနှင့် အောင်မင်္ဂလာဈေးများတွင် မီးဘေးလုံခြုံရေး စစ်ဆေးသည်။

မီးဘေးကာကွယ်ရေးစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌွေး ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဈေးတာဝန်ခံများပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် သုံးစွဲမှု၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ စနစ်တကျထားရှိသုံးစွဲမှု စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

စာလက်ခံရရှိမယ့်သူ (Addressee)တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

> You are Zaw Htet Aung. You live at No. 7, Min Road, Pyay. Write a letter to your uncle, telling him about the new English coursebook you study this year and how interesting and useful it is.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Zaw Htet Aung ဖြစ်ပြီး addressee က his uncle ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်နှစ်ချက် ပါပါတယ်။ ပထမအချက်က the new English coursebook you study this year အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် how interesting and useful it is လို့ မေးထားတဲ့အတွက် the new English coursebook အကြောင်းကို ပထမဦးစွာ ပြောပြရမှာဖြစ်ပြီး ဘယ်လောက်ထိ စိတ်ဝင်စားစရာကောင်းတယ်၊ ဘယ်လိုအသုံးဝင်တယ်ဆိုတာ ရေးသားရမှာဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ essay ဖြစ်ပြီး **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ –

My views on the benefits of learning a foreign language ဆိုတဲ့ စာစီစာကုံးမှာ foreign language လေ့လာခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါတယ်။ ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမယ့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမယ့်အကြောင်းအရာနှင့် စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။ ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာ အချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။ နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကိုသုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာဖြစ်ပါတယ်။

ပေးစာနဲ့စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့အချက်တွေအားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူ တစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသားခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူတစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသားခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဒီဇင်ဘာ ၁၃ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်လမ်းမနေ OK ငွေလွှဲဆိုင်ဖွင့်ထားသူ ဦးရန်ထင်ချန်း (၇၈) နှစ် (ဘ)ဦးရန်ကျင်စိုးသည် ၎င်း၏နေအိမ်၌ရှိနေစဉ် နေအိမ်ရှေ့သို့ 4H/9170 CROWN Royal Saloon အမျိုးအစား အဖြူရောင်မော်တော်ယာဉ်တစ်စီး ရောက်ရှိလာပြီး ယာဉ်ပေါ်မှ အမျိုးသားသုံးဦး(စိစစ်ဆဲ) ဆင်းလာကာဦးရန်ထင်ချန်းအား ဖမ်းဆီး၍ အဆိုပါမော်တော်ယာဉ်ဖြင့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း အနောက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခံရသူအား ပြန်လည်ကယ်တင်နိုင်ရေးနှင့် ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် ဆင်ဖြူမင်းလမ်းကြားရှိ အိမ်အမှတ် (ပဆ-၁/၂၇၀)နေအိမ်၌ ပြစ်မှုကျူးလွန်သူ တရားခံများ ရောက်ရှိခိုအောင်းနေလျက်ရှိကြောင်း သတင်းအရ ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ထိုသို့ ဝင်ရောက်စီးနင်းရှာဖွေစဉ် အဆိုပါနေအိမ်အတွင်းမှ ပြစ်မှုကျူးလွန်သူတရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန် ကြိုးစားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံများဖြစ်ကြသည့် ကျန်းဘီယင်း (စိစစ်ဆဲ) နှင့် မောင်မောင်ဦး (စိစစ်ဆဲ) တို့ပါ အမျိုးသားခြောက်ဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ZORAKI M906-T ပွိုင့် ၃၈၀ အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်လေးတောင့်၊ ကျည်အိမ်တစ်ခု၊ M-16 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ်တစ်ခု၊ မော်တော်ယာဉ်နံပါတ်ပြားခြောက်ခု၊ အနက်ရောင်ကျည်ကာအင်္ကျီနှစ်ထည်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝတ်ဆင်သည့် ယူနီဖောင်းတစ်ထည်၊ ခဲရောင်မိုးကာအင်္ကျီတစ်ထည်၊ အနွေးအင်္ကျီတစ်ထည်၊ ဦးထုပ်သုံးလုံး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားတစ်ခု၊ ယာဉ်မောင်း လိုင်စင်နှစ်ခု၊ ၅ ဒသမ ၅၆ ကျည်ခွံလေးခု၊ ပစ္စတိုကျည်ခွံလေးခု၊ SHN-12 7K-9997 TOYOTA CROWN Royal Saloon အဖြူရောင်မော်တော်ယာဉ် တစ်စီး၊ လက်ကိုင်ဖုန်းမျိုးစုံသုံးလုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲဖမ်းဆီးခံရသူ ဦးရန်ထင်ချန်းအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြန်ပေးဆွဲဖမ်းဆီးခံရသူ ဦးရန်ထင်ချန်းအား ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသားခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများအား မြင်တွေ့သိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့တိုင်ကြားနိုင်ရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူတစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသားခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ မှတ်တမ်းဓာတ်ပုံ။



ပြန်ပေးဆွဲဖမ်းဆီးခံရသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ မယ်ခေါင်ရပ်ကွက်နေ OK ငွေလွှဲဆိုင်ဖွင့်ထားသူ ဦးရန်ထင်ချန်းအား ပြန်လည်ကယ်တင်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## *နိုင်ငံတကာသတင်း*

## ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုများပြားလာ

တိုကျို ဒီဇင်ဘာ ၂၀

**ဂျပန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုကျယ်ပြန့်လာကြောင်း၊ ခန့်မှန်းခြေလူနာအရေအတွက်သည် ယခင်သီတင်းပတ်ကနှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော်တိုးလာကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင်ဖော်ပြသည်။ နိုင်ငံတစ်ဝန်းဆေးရုံနှင့် ဆေးခန်းပေါင်း ၅၀၀၀ ခန့်တွင် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ တုပ်ကွေးလူနာ ၉၄၂၅၉ ဦး ရှိလာသည်ဟု အမျိုးသားကူးစက်ရောဂါဌာနနှင့် အခြားသောအဖွဲ့အစည်းများက ပြောသည်။**

အဆိုပါပမာဏအပေါ်အခြေခံ၍ တစ်နိုင်ငံလုံးအနှံ့ တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၇၁၈၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ အဆိုပါအရေအတွက်သည် လွန်ခဲ့သည့်သီတင်းပတ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော်တိုးလာခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အနောက်ပိုင်းခရိုင်များဖြစ်သည့် အိုအီတာနှင့် ဖူကူအိုကာတို့တွင် တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ သတိပေးရသည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုအတွင်း တုပ်ကွေးဗိုင်းရပ်စ်ပိုး ထိတွေ့မှုနည်းပြီး ကိုယ်ခံစွမ်းအားနည်းနေသည့်အတွက် ယခုနှစ်ရာသီတွင် ကူးစက်ခံရသူအရေအတွက် မြင့်မားလာမည်ဟု ဂျပန်ကူးစက်ရောဂါဆိုင်ရာအဖွဲ့ အကြီးအကဲ အီရှီဒါတာဒါရှီက ပြောသည်။



တာဒါရှီက ဇန်နဝါရီလအတွင်း ကူးစက်မှုအမြင့်ဆုံးဖြစ်လာမည်ဟု ခန့်မှန်းထားပြီး ပြည်သူများအနေဖြင့် နှာခေါင်းစည်း တပ်ဆင်ရန်နှင့် လက်ကိုသေချာစွာ ဆေးကြောရန် တိုက်တွန်းထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## တူကီယဲရဲတပ်ဖွဲ့က အိုင်အက်စ်စစ်သွေးကြွဟု သံသယရှိသူ ၁၆ ဦးကို ဖမ်းဆီး

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂၀**

တူကီယဲနိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူလ်၌ အိုင်အက်စ်(IS)ဟု သံသယရှိသူ ၁၆ ဦးကို ဒီဇင်ဘာ ၂၀ ရက်တွင် တူကီယဲရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အစ္စတန်ဘူလ်ရဲတပ်ဖွဲ့သည် မြို့တော်တစ်ဝန်း နေရာအနှံ့ အပြေးတွင် တစ်ပြိုင်တည်းစစ်ဆင်ရေးပြုလုပ်လျက်ရှိသည်။ ထိုသို့ ပြုလုပ်ရာတွင် အိုင်အက်စ်ဟု သံသယရှိသူများက ဆီးရီးယားနှင့် အီရတ်နိုင်ငံတို့ရှိ ပဋိပက္ခနေရာများနှင့် ဆက်နွှယ်သည့် လှုပ်ရှားမှုများတွင် ပါဝင်သည်ဟု သံသယရှိထားကြောင်း အစ္စတန်ဘူလ်ရဲတပ်ဖွဲ့က ပြောကြားသည်။

တူကီယဲအစိုးရသည် နိုင်ငံအတွင်းအသေအပျောက်များသည့် တိုက်ခိုက်မှုများအတွက် အိုင်အက်စ်ကို အပြစ်တင်လျက်ရှိပြီး ၂၀၁၃ ခုနှစ်က အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၅၃၉၇၆, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းလွင် ၆/ကစန(နိုင်)၀၂၂၇၅၉နှင့် ဒေါ်ဝင်းရီ ၆/ဘပန(နိုင်) ၀၁၅၇၀၆တို့သည် (၁၉၉၂)ခုနှစ်က တရားဝင် လက်ထပ်ပေါင်းသင်းခဲ့ပြီး သမီးမယုနန္ဒာမင်းအား မွေးဖွားခဲ့ပါသည်။ ၎င်းတို့ပေါင်းသင်းစဉ် လက်ထပ်ပွားပစ္စည်းအဖြစ် (၁) တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ချောင်းကဖီးကျေးရွာရှိ အိမ်ခြံမြေနှင့် (၂) ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်(၁၇)(မြေညီထပ်) (ညာ) တိုက်ခန်း(၁)ခန်းတို့ ရှိပါသည်။ အထက်ပါပစ္စည်းများအား ဒေါ်ဝင်းရီအပါအဝင် အခြားမည်သူတစ်ဦး တစ်ယောက်ကမျှ ကျွန်ုပ်မိတ်ဆွေ မသိရှိ သဘောမတူဘဲ ရောင်းချခြင်း၊ ပေးကမ်း ခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း စသည်တို့ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမင်းလွင်** | **ဒေါ်ထက်မြတ်စိုး LL.B** |
| **၆/ကစန(နိုင်) ၀၂၂၇၅၉** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၀၇)** |
| | **ရုံးခန်းလိပ်စာ–အမှတ်–၁၁၂ (ပထမထပ်)၊** |
| | **မြင်တော်သာလမ်း၊ ၂/တောင်ရပ်ကွက်၊** |
| | **သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း–၀၉–၂၅၂၄၀၄၄၈၉** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5408, Toyota Landcruiser KZJ S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းခမ်းပန် ၁၃/လခန(နိုင်) ၀၁၄၃၀၀က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၂၀ခ/၇)၊ ဦးပိုင်အမှတ်(၁၀/၂)၊ မြေချိန်ဧရိယာ(၂ဒသမ၄၀၅)ကေရှိ မြေကွက်သည် ဇိအုန်နှစ်ခြင်းခရစ်ယာန်အသင်းတော် အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဇိအုန်နှစ်ခြင်းခရစ်ယာန်အသင်းတော် အမည်ဖြင့်မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂)၊ ဦးပိုင်အမှတ် (၁၆၀)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မူလကဦးလမုတ်ခေါင်ဒေါင်အမည်ဖြင့် (၃၀–၆–၂၀၂၂) ရက်နေ့အထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးလမုတ်ခေါင်ဒေါင် (၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဒေါင်လောမ့်)က (၂၁–၈–၂၀၂၃) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၈၈/၂၀၂၃)အရ မူလမြေဧရိယာ(၀.၁၁၀)ဧကအနက်မှ ဧရိယာ(၀.၀၅၅)ဧကအား ဦးပိုင် ခွဲစိတ်၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသဖြင့် ကျန်ရှိသည့်မြေဧရိယာ(၀.၀၅၅)ဧကအား ဦးလမုတ်ခေါင်ဒေါင် ၁/မကန(နိုင်)၀၁၅၈၂၄ အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/ဧရိယာလျော့) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၄၃/၂)၊ ဦးပိုင်အမှတ်(၉၀/က)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိ မြေကွက်သည် မူလက ဒေါ်ဒါရီဘောက်ခေါန် အမည်ဖြင့် (၆–၂–၂၀၅၀) ရက်အထိ (၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ဒါရီဘောက်ခေါန် (၎င်း၏ အထူးကိုယ်စား လှယ်လွှဲစာရရှိသူဦးကျော်ဝေ)က (၄–၉–၂၀၂၃) ရက်နေ့စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၀၅/၂၀၂၃)အရ ဒေါ်ချန်အမ်းစိုင်း ၁/ဟပန(နိုင်)၀၀၂၂၁၅ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်ချန်အမ်းစိုင်း အမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှု အပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ခ)၊ ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ (၀.၁၈၃) ဧကရှိ မြေကွက်အား ဦးယော်လတ်(ခ)ဦးနွန်ယော်(ခ)ဦးနန်ယော်အမည်ဖြင့် အမှုတွဲအမှတ် ၃၀၄၉/V၁၉၈၉–၁၉၉၀ အရ (၁–၇–၁၉၉၀) မှ (၃၀–၆–၂၀၂၀) ထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါ သည်။ အဆိုပါ မြေငှားဂရန်မူရင်းမှာ လွန်ခဲ့သော(၁၀)နှစ်ကျော်က နေအိမ်ဖောက်ထွင်းခံရစဉ် ပျောက်ဆုံး သွားခဲ့ပါသဖြင့် ဂရန်ရှင် ဦးယော်လတ်(ခ)ဦးနွန်ယော်(ခ)ဦးနန်ယော်က မြေငှားဂရန်မိတ္တူမှန်အား ထုတ်ယူခွင့်ပြုနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၀)၊ ဗေဒါလမ်း၊ မြေကွက်အမှတ် (၇၀/က)၊ အကျယ်အဝန်း (၂၁ပေ × ၆၀ပေ)ရှိ ဦးတင်အောင် (၁၂/ဗဟန (နိုင်) ၀၅၃၁၃၄) (MMN- ၀၁၃၉၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးတင်အောင်၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၂၅၆/၂၀၂၃)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်သက်ဦး (၈/ခမန (နိုင်) ၀၀၀၉၁၆) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ Grade–12 မှ မယမင်းထွန်း၊ Grade–6 မှ မောင်မောင်မျိုးမင်းထွန်းနှင့် Grade–3 မှ မောင်ဖြိုးဝေထွန်းတို့၏ ဖခင်အမည်မှန် မှာ ဦးရဲထွန်းဝင်း ၁/မကန(နိုင်) ၂၃၉၁၄၇ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ မနူးခေါန် ၁/မကန(နိုင်) ၁၄၄၅၁၆ ၏ ပတ်စ်ပို့နံပါတ် (A–050072) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၀၁၇၉၉၉၉၆

## ပတ်စ်ပို့ပျောက်

ကျွန်မ မရိုစ့်ထွယ်ဆန် ၁/မကန(နိုင်)၂၀၆၆၃၂ ၏ ပတ်စ်ပို့နံပါတ် (MB–459647) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၅၉၂၄၄၁၂၈

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်တူးနန် ၁/မကန(နိုင်)၁၉၅၆၈၈ ၏ ပတ်စ်ပို့နံပါတ် (MC–804904) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၃၇၂၇၄၁၀

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ထုံးဘိုကျေးရွာ၊ကွင်း/အကွက်အမှတ် (ပြင်)၊ ဦးပိုင်အမှတ် (၃၁)၊ မြေဧရိယာ(၀ဒသမ၀၇)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဝတ်ရည်ဌေးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါကပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်းအမှတ်(၁–ခ၊ မဲဇလီတောင်ကွင်း)၊ ဦးပိုင်အမှတ်(၄၁/၁စ–၁)၊ မြေဧရိယာ (၀.၁၀၈) ဧကရှိမြေကွက်အား မြို့မြေနေရာချထားရေးကော်မတီ၏(၂–၆–၂၀၁၇)ရက်စွဲပါစာအမှတ် ၄/၇–၁၃(၈၄၅)/မြို့မြေ နေရာချထားရေးဖြင့် ပြည်နယ်ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနားမြို့) အမည်ဖြင့် ရုံးမြေနေရာချထားပေးသောမြေကွက်ဖြစ်ပြီး ယခုအခါ ပြည်နယ်ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနားမြို့)အမည်ဖြင့် အခမဲ့မြေလွှဲမိန့်ရရှိရေးအတွက် လျှောက်ထားလာခြင်း နှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2457, Mitsubishi Canter ,Van(4x2)Lယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျာဆိုင်းမိုင် ၁၃/တမည(နိုင်)၀၀၂၆၂၃က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၃ယ/၄၉၁၆၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းပပ ၁၀/မလမ(နိုင်)၂၉၆၅၃၈ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၆၂၉၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၁၀/ခဆန(နိုင်)၀၂၃၂၄၆ က(ကမ–၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၅၈၃၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွှန့်ညွှန့်စိုး ၁၀/သဖရ(နိုင်)၀၇၃၈၄၃ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ၊ အကွက်(၄)နေ ဦးကဲစကား၊ ဒေါ်မြရွှေတို့၏သား မောင်နေလင်းခိုင် ၁၀/ပမန(နိုင်)၂၇၉၁၆၅အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးကဲစကား–ဒေါ်မြရွှေ**

## စစ်ကိုင်းပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဘွဲ့လွန်ပညာရေးဒီပလိုမာသင်တန်း [Postgraduate Diploma in Education (PGDip.Ed)] သင်တန်းအပတ်စဉ်(၁) ဖွင့်လှစ်မည့်အစီအစဉ် ကြေညာချက်

စစ်ကိုင်းပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဘွဲ့လွန်ပညာရေး ဒီပလိုမာ သင်တန်း [Postgraduate Diploma in Education (PGDip.Ed)] သင်တန်း အပတ်စဉ်(၁)ကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်–

| | |
|---|---|
| **သင်တန်းအမည်** | – ဘွဲ့လွန်ပညာရေးဒီပလိုမာသင်တန်း [Postgraduate Diploma in Education (PGDip.Ed)] |
| **အရည်အချင်း** | – အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ (ဒီပလိုမာဘွဲ့ရရှိသူများလျှောက်ထားခွင့်မရှိပါ) |
| **သတ်မှတ်ချက်** | – (ပညာရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံရှိသူများကို ဦးစားပေးရွေးချယ်မည်)။ |
| **သင်ကြားမည့်နေရာ** | – စစ်ကိုင်းပညာရေးတက္ကသိုလ် |
| **သင်ကြားပို့ချမည့်အချိန်** | – စနေနေ့၊ တနင်္ဂနွေနေ့ နေ့စဉ် နံနက်(၈:၀၀) နာရီမှ(၁၂:၀၀)နာရီထိ |
| **သင်တန်းကာလ** | – (၉)လ |
| **သင်တန်းကြေး** | – ၄၀၀၀၀၀ိ/–ကျပ် |
| **ပေးအပ်မည့်ဘွဲ့** | – ဘွဲ့လွန်ပညာရေးဒီပလိုမာ [Postgraduate Diploma in Education (PGDip.Ed)] |
| **ဝင်ခွင့်စာမေးပွဲလျှောက်လွှာ စတင်ထုတ်ပေး/လက်ခံမည့် နေ့၊ ရက်နှင့် နေရာ** | – (၂၃–၁၂–၂၀၂၄)ရက် ( တနင်္လာနေ့) သင်တန်းရေးရာဌာန စစ်ကိုင်းပညာရေးတက္ကသိုလ်(နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ဘွဲ့လက်မှတ်မူရင်း/မိတ္တူတို့ ဖြင့် လျှောက်ထားရမည်) |
| **လျှောက်လွှာပိတ်မည့်ရက်** | (၆–၁–၂၀၂၅) ရက် (တနင်္လာနေ့) |
| **သင်တန်းဝင်ခွင့်စိစစ်ခြင်း** | – ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲ ဖြေဆိုရမည်။ |
| **ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်** | – (၁၂–၁–၂၀၂၅) ရက် (တနင်္ဂနွေနေ့) နံနက်(၉:၀၀)နာရီမှ(၁၁:၀၀)နာရီထိ (ပညာရေးနှင့် ပတ်သက်သော အထွေထွေဗဟုသုတ) မွန်းလွဲ(၁:၀၀)နာရီမှ (၃:၀၀) နာရီထိ (အင်္ဂလိပ်စာ) |
| **လူတွေ့စစ်ဆေးမည့်ရက်–** | (၂၀–၁–၂၀၂၅) ရက် (တနင်္လာနေ့)၊ နံနက်(၉:၀၀)နာရီမှ စတင်မည်။ |
| **စာမေးပွဲကျင်းပမည့်နေရာ** | – စစ်ကိုင်းပညာရေးတက္ကသိုလ် |
| **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** | – (၁–၂–၂၀၂၅) ရက် (စနေနေ့) |
| **စုံစမ်းရန် –** | ဒုဌာနမှူး(သင်တန်းရေးရာ ) ဖုန်း–၀၉–၇၉၇၉၉၆၃၅၈၊ မော်ကွန်းထိန်း(ကျောင်းသားရေးရာ) ဖုန်း–၀၉–၄၄၄၆၉၄၈၆၂ မော်ကွန်းထိန်း(စာမေးပွဲနှင့်ဘွဲ့နှင်း) ဖုန်း–၀၉–၄၀၃၇၁၈၄၁၅၊ လက်ထောက်မော်ကွန်းထိန်း (စာမေးပွဲနှင့်ဘွဲ့နှင်း) ဖုန်း–၀၉–၄၄၄၀၃၃၈၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ |

**သင်တန်းရေးရာဌာန**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## Royal ABS Co.,Ltd. အပေါ် ဝန်ချတောင်းပန်ခြင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မဟာဘောဂလမ်း၊ အမှတ်(၇၉)၊ (၃)လွှာနေ မစန်းသန္တာမော် (၃/ဘအန(နိုင်)၂၉၉၆၂၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေသည် Ayaka Japanese သင်တန်းကျောင်းတွင် တာဝန်ခံအနေဖြင့် ဆောင်ရွက်နေသည့် ကာလတွင် Royal ABS Co.,Ltd.၏ တံဆိပ်တုံးနှင့်ဆင်တူသည့် တံဆိပ်တုံးကို အသုံးပြုပြီး အေဂျင်စီခများကို လက်ခံရယူခဲ့ပါသည်။ နောက်နောင်တွင် ထိုကဲ့သို့Royal ABS Co.,Ltd.၏ တံဆိပ်တုံးကို အသုံးပြု၍ အေဂျင်စီခများကို လက်ခံရယူမည် မဟုတ်တော့ပါကြောင်းနှင့် ယခုဆောင်ရွက်ခဲ့ပြီးဖြစ်သော Royal ABS Co.,Ltd.၏ တံဆိပ်တုံးနှင့် တူညီသည့် တံဆိပ်တုံးကို အသုံးပြု၍ လက်ခံရယူခဲ့သော အေဂျင်စီခများနှင့် ပတ်သက်၍ နောက်ဖြစ်ပေါ်လာမည့် အကြောင်းကိစ္စများအတွက် Ayaka Japanese Language Center မှ တာဝန်ယူဖြေရှင်းပေးပါမည် ဖြစ်ကြောင်းနှင့် Royal ABS Co.,Ltd. အား အနူးညွှတ်တောင်းပန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လဲ့ဝါ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၅၈) (၈–၁–၂၀၂၀)**
**အမှတ်(၇၆)အေ၊ အခန်း ၀၀၂၊ အောင်သုခလမ်း၊ ဆင်မလိုက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၈၁၉၆၅၃၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်–၁၇ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်(ခြေရင်းခန်း)(ဘယ်ဘက်ခြမ်း)၊အကျယ်အဝန်း (၁၂½ ပေ x ၅၀ပေ)တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်မိုးသီတာကျော် ၁၄/ရကန(နိုင်)၁၆၀၁၃၂ ထံမှ ကျွန်ုပ်တို့ ၏မိတ်ဆွေဖြစ်သော ဒေါ်မိုးသန္တာချို ၁၂/မဂတ(နိုင်)၀၉၂၄၄၃ က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ချက်အရ–** | |
| **ဒေါ်မိုးသန္တာချို** | **ဒေါ်အေးသူဇာအောင်** | **ဒေါ်ယဉ်မျိုးထက်** |
| **၁၂/မဂတ(နိုင်)၀၉၂၄၄၃** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၉၄၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၆၃၈)** |

**အမှတ်(၇၇)၊ဦးပုညလမ်းနှင့် ဗိုလ်ကြာညွှန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၄၂၄၅၉၆၈၃၀၊ ၀၉–၇၉၉၅၆၁၅၇၄၊ ၀၉–၂၅၂၀၅၄၄၅၅**

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံ အခမ်းအနား ဖိတ်ကြားခြင်း

MYANMAR CONSTRUCTION MCEA ENTREPRENEUR S ASSOCIATION

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း၊ တက်ရောက်ချီးမြှင့်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်-

| ကျင်းပမည့်နေ့ရက် | ကျင်းပမည့်အချိန် | ကျင်းပမည့်အကြောင်းအရာ | ကျင်းပမည့်နေရာ |
|---|---|---|---|
| ၁၉-၁-၂၀၂၅(တနင်္ဂနွေနေ့) | (၉:၀၀)-(၁၂:၀၀)နာရီ | နှစ်ပတ်လည်အသင်းသား စုံညီ ညီလာခံ | MCEAခန်းမ |

(၁) အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်း၊

(၂) ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားအတည်ပြုခြင်း၊

(၃) ပြင်ပစာရင်းစစ် ခန့်အပ်ခြင်း။

(၄) ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း။

(၅) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ရန်အတည်ပြုခြင်းကိစ္စများကို ဆွေးနွေးဆုံးဖြတ်အတည်ပြုပါမည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း**

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန အသိအမှတ် ပြုဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်ခွဲပစ္စည်းများနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် စက် ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender.19. Med & Med Supplies and Reagents (2024–2025) |
| | | Tender.20. Equipment (2024–2025) |
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၀ -၁၂-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၇ - ၁ -၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/6066, Lexus-LX 570,Station Wagon(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဖုံစူစောင်း ၁၃/မထတ(နိုင်)၀၀၀၀၇၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 59W/89979, Honda Wave-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ်(၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(ဃ/၁၆၇)၊ဧရိယာ (၀.၀၃၆)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဦးအေးမောင် ပါ(၂) အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၂-၁၂-၂၀၂၄)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၄၈/၂၀၂၄)နှင့် (၂-၁၂-၂၀၂၄) ရက်စွဲပါ စွန့်လွှတ်စာချုပ်အမှတ်(၄၉/၂၀၂၄)တို့အရ ဦးမြင့်သိန်းမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်း မူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ်(၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(က/၁၄၉)၊ ဧရိယာ (၀.၀၆၁)ကေ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်တင်မြင့်အမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား(၂၀-၁၁-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၄၄/၂၀၂၄)အရ ဦးအောင်စိုး(ညီမ) ဒေါ်အေးမြတ်မွန်တို့မှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ်(၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(စ/၂၄၃/၂)ဧရိယာ (၀.၀၂၂)ကေနှင့် ဦးပိုင်အမှတ်(ဆ/၂၄၃/၂)၊ ဧရိယာ(၀.၀၄၃)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်ခင်နှင်းဆီအမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၂၀-၁၁-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်(၄၂/၂၀၂၄)အရ ဦးသန့်ဇင်ဝင်း၊ ဒေါ်ဇင်မီမီထက်တို့မှ ၎င်းတို့အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်၊ အကွက်အမှတ်-၁၆ဘီ၊ အကွက်အမည်-မြို့တွင်းအနောက်၊ ဦးပိုင်အမှတ် ၅၉^က^၊ ဧရိယာ (၀.၁၁၁)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် အရှေ့လားသော် ဦးပိုင်အမှတ် ၆၁^ခ^+၅၈၊ အနောက်လားသော်- ဟံသာသီရိလမ်း၊ တောင်လားသော် - ဦးပိုင်အမှတ် ၅၉^ခ^၊ မြောက်လားသော် - ဦးပိုင်အမှတ် ၆၀^င^။ အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးမျိုးဝင်း၊ ဒေါ်ခင်မျိုးထွေးမှ လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးမျိုးဝင်း ၊ ဒေါ်ခင်မျိုးထွေး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/၂/လက်ပံခါးလှ(အောင်ဇမ္ဗူ)၊ မြေကွက်အမှတ် (၄၄၈၊ ၄၄၉)၊ ဧရိယာ (၀.၀၃၈)ကေရှိ ဦးအောင်ဆန်း (ဘ) ဦးကျော်မြ ၅/ခဥတ(နိုင်)၀၅၂၂၄၁၊ ဒေါ်ဆုဝေအောင် (ဘ) ဦးအောင်မျိုးမြင့်၊ ၉/ပမန(နိုင်)၂၁၆၃၉၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူများမှ မြေငှားစာချုပ် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးလှဝင်းအောင် (ဘ) ဦးတင် (၉/ညဥန(နိုင်)၁၄၆၃၂၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်သညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)**

**ရမည်းသင်းခရိုင်တရားရုံးတော်**

**၂၀၁၉-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁နှင့် ဆက်နွှယ်သည့် ၂၀၂၄-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၂**

| | | |
|---|---|---|
| ဘဏ်ခွဲတာဝန်ခံ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်(မိတ္ထီလာမြို့၊ (၎င်း၏ကိုယ်စား-လက်ထောက်မန်နေဂျာ ဒေါ်အိလေးနွယ်) | နှင့် | ၁။ ဦးသန်းအောင် ၂။ ဒေါ်သန်းသန်းစိုး |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

၁။ ဦးသန်းအောင်၊ ၂။ ဒေါ်သန်းသန်းစိုး(အတူနေလင်မယား) ဆွဲမှန်ကျေးရွာ၊ ကံသာအုပ်စု၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းခရိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဘဏ်ခွဲတာဝန်ခံ၊အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ မိတ္ထီလာမြို့ (၎င်း၏ကိုယ်စား လက်ထောက်မန်နေဂျာ ဒေါ်အိလေးနွယ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့် ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅-ခုနှစ် ဇန်နဝါရီလ ၂ရက် (၁၃၈၆-ခုနှစ်၊ ပြာသိုလဆန်း ၄ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် ဤရုံးတော် ရှေ့လာရောက်စေရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးမြင့်)**
**ခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ် (၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(က/၁၁၅)၊ ဧရိယာ (၀.၁၅၃) ကေအနက်မှ(၀.၀၆၄)ကေ၊ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်လှလှမြင့်ပါ (၆) ဦး အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၂၀-၉-၂၀၂၄)ရက်စွဲပါစွန့်လွှတ်စာချုပ်အမှတ်(၃၆/၂၀၂၄)တို့အရဒေါ်သန်းသန်းဌေးမှ ၎င်းအမည်သို့အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အောင်လံမြို့နယ်စာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ် (၃၂၆-က)၊ အလျား ၂၀ပေ ၈ လက်မ/၂၀ ပေ x အနံ ၆၀ ပေ၊ ဧရိယာ (၀.၀၂၇၅)ကေ၊ (၁၂၂၀) စတုရန်းပေရှိသော ဒေါ်ချိုချို (၁၂/ကမတ(နိုင်)၀၃၆၁၂၂)အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ် (၃၂၆/က)၊ ကင်းဝန်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် နေအိမ်နှင့်ယင်းနေအိမ် နှင့်တွယ်ကပ်လျက်ရှိသော ရေမီးမီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဒေါ်ချိုချိုမှ ၎င်းကသာ အရှုပ်အရှင်းကင်းစွာဖြင့် လက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၁၄)ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်ထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စွာဝင်း (L.L.B,LL.M) အထက်တန်းရှေ့နေ (စဉ်-၄၅၀၉၁)**
**ဖုန်း-၀၉-၄၂၁၁၂၇၇၂၃၊ ၀၉-၉၇၂၂၃၃၅၆၁**

| | |
|---|---|
| **ဒေါ်လွင်လွင်ခိုင်(LL.B, D.B.L, D.I.L)** | **ဒေါ်ဟန်သီတိုး (LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ (စဉ် -၂၄၃၄၅)** | **အထက်တန်းရှေ့နေ** |
| **အမှတ်(၆၂၇)၊(၁၁)လမ်း၊(၇)ရပ်ကွက်၊** | **(စဉ် -၅၀၅၃၂)** |

**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဂန့်ဂေါမြို့နယ်၊ အလက နံ့ကြီး G-9 မှ မောင်သီဟကျော်နှင့် G-6 မှ မောင်ပိုင်ဘုန်းပြည့်တို့၏ဖခင်သည် နိုင်ငံသားစိစစ်ရေးအမှတ် ၈/မလန(နိုင်)၀၈၇၅၀၁ အရ ဦးဖြိုးကျော်ထွေးနှင့် ဦးကျော်ကျော်ခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 38W/83193, Honda Wave-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချိုချိုမောင် ၁၄/လပတ(နိုင်) ၃၂၁၃၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်၊ အကွက်အမှတ် (၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(က/၁၁၅)၊ ဧရိယာ (၀.၁၅၃) ကေအနက်မှ (၀.၀၈၉)ကေ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်လှလှမြင့်ပါ (၆) ဦး အမည်ပေါက်ပြီး (၂၀-၉-၂၀၂၄) ရက်စွဲပါ အရောင်းအဝယ်စာချုပ် အမှတ် (၃၇/၂၀၂၄)တို့အရ ဒေါ်သင်းသင်းယုမှ ၎င်းသို့အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀) ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စမ်းချောင်းရပ်ကွက် အကွက်အမှတ် (၅/စမ်းချောင်း)၊ ဦးပိုင်အမှတ်(ခ/၁၁၅)၊ ဧရိယာ (၀.၀၉၆)ကေအနက်မှ (၀.၀၂၉)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိစာရင်းမြေပုံများတွင် ဒေါ်ခင်စန်း(ခ)ဒေါ်စန်း အမည်ပေါက်ပြီး ၎င်းအမည်ပေါက် အိမ်မြေကွက်အား (၁၅-၁၀-၂၀၂၄) ရက်စွဲပါ အရောင်းအဝယ်စာချုပ် အမှတ် (၄၀/၂၀၂၄)အရ ဒေါ်သင်းသင်းယုမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်း မူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၇ ၊ မြေကွက်အမှတ်- ၁၃၁၊ ဧရိယာ- ၀. ၀၅၅ ဧက ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၇) ရပ်ကွက်၊ (ယခင်) ရှုပါရုံလမ်း၊ (ယခု) စံပါယ်လမ်း၊ အမှတ်- ၁၃၁ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဦးသက်ဝင်းဆွေ (၁၂/မရက (နိုင်) ၀၀၀၉၀၇) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူထံမှ မြေကွက်အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် အပြီးအပိုင်ဝယ်ယူထား၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ကေသီထွန်း (၁၂/ပဇတ (နိုင်) ၀၃၃၇၀၉) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၃၉၆၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းပပအောင် ၁၀/ခဆန(နိုင်)၀၉၅၁၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၅၀၄၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းညွန့် ၁၀/ခဆန(နိုင်)၀၈၆၂၁၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/9280 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသိန်း ၁၀/ခဆန(နိုင်)၀၅၁၀၀၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မုံရွာ)
## (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မုံရွာ)မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်များတွင် ကျင်းပခဲ့သော (၁) မြို့ပြအင်ဂျင်နီယာ၊ (၂) အီလက်ထရောနစ်အင်ဂျင်နီယာ၊ (၃) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ၊ (၄) စက်မှုအင်ဂျင်နီယာ၊ (၅) သုတနည်းပညာအင်ဂျင်နီယာ၊ (၆) မက္ကာထရောနစ်အင်ဂျင်နီယာနှင့် (၇) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဘွဲ့ စာမေးပွဲအသီးသီးကို အောင်မြင်သူများအတွက် နည်းပညာတက္ကသိုလ်(မုံရွာ)၌ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဖော်ပြပါသတ်မှတ်ချက်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ်(မုံရွာ)၊ ကျောင်းသားရေးရာဌာနတွင်ရယူ၍ တက်ရောက်ယူရန် (သို့မဟုတ်) အဝေးရောက်ယူရန်ဟု ရှင်းလင်းစွာဖော်ပြလျက် (၁)လအတွင်း မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ(အမျိုးသား)အပြည့်အစုံဖြင့် ရိုက်ကူးထားသော ၂ လက်မ x ၁ လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံနောက်ခံ အပြာနုရောင်)နှင့် ဓာတ်ပုံ၏နောက်ကျောဘက်တွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ်တို့ကို ပီသစွာရေးသား၍ လျှောက်ထားသူ၊ ဖခင်၊ မိခင်တို့၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများကို ပူးတွဲလျက် (၃-၁-၂၀၂၅) ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးရာတိတိ)၊ အဝေးရောက်ဘွဲ့အတွက် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြစ်ပြီး၊ နည်းပညာတက္ကသိုလ်(မုံရွာ)၊ ငွေစာရင်းဌာနသို့ ပေးသွင်းရပါမည်။

၄။ ဖော်ပြပါ ပညာသင်နှစ်များမတိုင်မီက ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ တက်ရောက်ဘွဲ့ယူရန်လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့ယူကြမည့် ဘွဲ့ယူသူမောင်၊ မယ်တို့သည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ (သို့မဟုတ်) မြန်မာယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ(အမျိုးသား) အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| အစမ်းလေ့ကျင့်ခြင်း | - | (၁၁-၁-၂၀၂၅) ရက်၊ စနေနေ့၊ နံနက် (၉:၀၀) နာရီ |
| ဘွဲ့နှင်းသဘင်အခမ်းအနား | - | (၁၂-၁-၂၀၂၅) ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၉:၀၀) နာရီ |
| ကျင်းပမည့်နေရာ | - | နည်းပညာတက္ကသိုလ်(မုံရွာ)၊ ဘွဲ့နှင်းသဘင်ခန်းမ၊ |

၈။ အသေးစိတ်သိရှိလိုပါက နည်းပညာတက္ကသိုလ်(မုံရွာ)၊ သင်တန်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း - ၀၉-၇၆၈၅၅၀၀၆၀/ ၀၉-၉၅၄၁၉၂၅၂၆ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(မုံရွာ)**

### အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မလိခလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့်စံပါယ်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/အနော်ရထာစက်မှုဇုန်)၊ မြေကွက်အမှတ်(Y-5)တွင် အုတ်မြစ်နည်းရိုးပတ်လည်ကာရံခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀ ခုနှစ်ထုတ် စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်အမည်ပေါက် ဒေါ်ကြည်ကြည်ထွေး (၉/အမဇ(နိုင်)၀၁၁၆၀၂)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့်မှာ သက်တမ်းကျော်လွန်နေပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 17W/66757 Luojia-110 ယာဉ် အမည်ပေါက်သူ ဒေါ်ဇိုဝါးနာ ၂/လကန(နိုင်)၀၀၆၉၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၂ယ/၅၇၈၆၃ Honda ယာဉ်အမည်ပေါက်သူ ဒေါ်ကေသီခိုင် ၂/ဖရဆ(နိုင်)၀၁၁၁၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကလေးမြို့နယ်တရားမရုံးတော်၌
## ၂၀၂၂-ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်ကြည်လှ | နှင့် | ၁။ ဦးကျော်စွာမြင့် <br> ၂။ ဒေါ်မေရီဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဂန့်ဂေါမြို့နယ်၊ ကျွန်းခုံသာကျေးရွာနေ တရားပြိုင်များဖြစ်ကြသော ဦးကျော်စွာမြင့်၊ ဒေါ်မေရီဝင်း (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်ကြည်လှက ဆန်ဖိုးငွေ ၇၆၇၀၀၀၀/-ကျပ် (ကျပ်ခုနှစ်ဆယ့်ခြောက်သိန်းခုနှစ်သောင်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို၊ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကပ်ခန့်ပေါင်)
**မြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ-၂၀)
## ကလေးမြို့နယ် တရားမရုံးတော်၌
## ၂၀၂၂-ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| ဒေါ်ကြည်လှ | နှင့် | ၁။ ဦးဝင်းပိုင် <br> ၂။ ဒေါ်စုမြတ်မွေး |
| **တရားလို** | | **တရားပြိုင်များ** |

ဂန့်ဂေါမြို့နယ်၊ ကျွန်းခုံသာကျေးရွာနေ တရားပြိုင်များဖြစ်ကြသော ဦးဝင်းပိုင်၊ ဒေါ်စုမြတ်မွေး (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ် တရားလိုဒေါ်ကြည်လှက ဆန်ဖိုးငွေ ၁၀၀၀၀၀၀၀/- ကျပ် (ကျပ်သိန်းတစ်ရာတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို၊ ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင်သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကပ်ခန့်ပေါင်)
**မြို့နယ်တရားသူကြီး**
**ကလေးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ဂျီ)၊ မြေကွက်အမှတ်(၄)၊ ဝဒသမ ၀.၂၇ ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိအရပ်အခေါ် ရန်ကုန်မြို့၊တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၃)လမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော အိမ်ခြံမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဝင်းရွှေစင် ၁၂/မဂတ(နိုင်)၀၈၆၃၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်နီ ၁၂/တမန(နိုင်)၁၁၂၈၉၉ မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်နီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး**
**LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၅၀၀၂၁၆၅၁၊ ၀၉-၇၉၃၅၆၈၃၇၅**

## အများသိစေရန်ကြော်ငြာ

ကျွန်မဒေါ်ငုဝါလှိုင်(ဘ)ဦးထွန်းလှိုင်(ခ)ဘွန်ပန် ၆/မအရ(နိုင်)၀၀၃၃၀၄ နှင့် ဦးသန့်ဇင်မိုး (ဘ)ဦးလှမိုး ၁၂/အစန(နိုင်)၁၇၅၉၇၅ တို့မှာ ၁၆-၁၂- ၂၀၂၄ ရက်တွင် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကြည်ဖြူ ကျေနပ်စွာဖြင့် မိမိတို့၏သဘောဆန္ဒအလျောက် တရားဝင်ကွာရှင်း ပြီးဖြစ်ပါကြောင်း၊ ကျွန်မ ဒေါ်ငုဝါလှိုင်နှင့် ဦးသန့်ဇင်မိုးတို့အကြား ခွဲဝေရန် မည်သည့်မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းမျှလည်းမရှိပါကြောင်း ဦးသန့်ဇင်မိုးကိုယ်တိုင်သိရှိပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ပါ၍ ၁၆-၁၂-၂၀၂၄ ရက်တွင် ကျွန်မ ဒေါ်ငုဝါလှိုင်နှင့် ဦးသန့်ဇင်မိုးတို့မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသောကြောင့် ကျွန်မ ဒေါ်ငုဝါလှိုင်နှင့် ဦးသန့်ဇင်မိုးတို့မှာ နောက်နောင် စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေးစသည့် မည်သည့်ကိစ္စရပ်များတွင်မဆို မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ငုဝါလှိုင်**
**အမှတ်-၆၀/၇၀၊ အခန်း(၃၀၉) ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ မြို့မတောင်ရပ်၊ မြေကွက်အမှတ်(ပ-၂၀၅၅၉)ကို အမည်ပေါက် ဦးသန်းကြိုင် (ဘ) ဦးမောင်စံ ၁၂/သဃက(နိုင်)၀၆၇၅၀၄ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ကြည်ကြည်သာ (ဘ) ဦးမြင့်ဦးသာ ၁၂/စခန(နိုင်)၀၅၈၆၃၂မှ မြေငှားစာချုပ်အမည်ပေါက် ပြောင်းလဲသတ်မှတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၆၉၀/၂၀၂၃)၊ မြေငှားစာချုပ်(မိတ္တူ)၊ မြေငှားရမ်းခပြေစာ၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၁၇/B)၊ မြေညီထပ် (ခြေရင်းခြမ်း)၊ အလျား ၁၅ ပေ x အနံ ၆၀ ပေ အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဋ္ဌေးလှိုင် ၁၂/အစန(နိုင်)၁၈၆၅၁၁ မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးသောင်းဋ္ဌေးအောင် ၇/ညလပ(နိုင်)၀၁၄၇၁၃ နှင့် ဒေါ် သော်သော်အောင် ၁၂/မရက(နိုင်)၁၂၅၃၇၈ တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးသောင်းဋ္ဌေးအောင် ၇/ညလပ(နိုင်)၀၁၄၇၁၃ နှင့်**
**ဒေါ်သော်သော်အောင် ၁၂/မရက(နိုင်)၁၂၅၃၇၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိမ့်သန္တာအောင် (အထက်တန်းရှေ့နေ) (စဉ်-၄၈၂၂၉/၂၀၁၆)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉ ၇၉၉၇၂၃၂၈၁**

### ပတ်စ်ပို့ပျောက်

နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ အမှတ် (၂) ရပ်ကွက်နေ (ဘ) ဦးနမ့်ကျိုး ၏သား မောင်စောမြင့် ၁၃/နစန(နိုင်)၀၇၂၃၇၈၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-154966) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၃၉၀၇၇၄၃**

### လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ နေ ကျွန်မ ဒေါ်လှိုင်ရွှေစင်ဟိန်း ၁၃/တကန(နိုင်)၂၈၉၁၂၀၏မိခင် ဒေါ်ဝင်းအေး ၇/ရတရ(နိုင်)၀၃၀၀၁၈) နှင့် ဒေါ်ဝင်းဝင်းအေးဟု အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ အမက ရွာသာအေးကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ဝင်းနု ၉/တတဥ(နိုင်)၀၁၂၀၁၀၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁-၁၉၆၉ ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းနု ၉/တတဥ(နိုင်)၀၁၂၀၁၀**

### မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ အမက ပုဏ္ဏားရွာ၊ မူလတန်းကျောင်းအုပ် ဦးကျော်ကျော်စိုး ၉/မသန(နိုင်)၀၅၈၀၄၉၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၆-၁၉၆၇ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်စိုး**
**၉/မသန(နိုင်)၀၅၈၀၄၉**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အကွက်အမှတ် (၂၅)၊ ဒေါနခြံ၊ ဦးပိုင်အမှတ်(၆-ဃ)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိ ဦးစိုးမင်း အမည်ပေါက် ဘိုးဘပိုင် မြေကွက်အား ဒေါ်မြမြသွေး အမည်ဖြင့် (ဘိုးဘပိုင်အမည်ပြောင်း) လျှောက်ထား ရာ အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ဘိုးဘပိုင်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မုံရွာမြို့**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သရဖီလမ်း၊ (၂၅)ရပ်ကွက်၊ တိုက်အမှတ်(၁၂၀)၊ အခန်း(၂)နေ ဒေါ်ချောအိသဲမောင် ၁၂/လပန(နိုင်)၁၄၅၆၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောအိသဲမောင်သည် Royal ABS Co.,Ltd (Overseas Employment Agency) နှင့် Royal ABS Language Center လုပ်ငန်းအား တရားဝင်မှတ်ပုံတင်၍ လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ချောအိသဲမောင်ခွင့်ပြုချက်မရဘဲ Royal ABS Co.,Ltd နှင့် Royal ABS Language Center၏ အမည်ကိုအသုံးပြု၍ လုပ်ငန်းများကို မည်သူတစ်ဦးတစ်ယောက်မှ သုံးစွဲလုပ်ကိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ရာ ဒေါ်ချောအိသဲမောင်၏ ခွင့်ပြုချက်မရှိဘဲ Royal ABS Co.,Ltd နှင့် Royal ABS Language Center အမည်ဖြင့် အလုပ်လုပ်ကိုင်ရန် သော်လည်းကောင်း၊ သင်တန်းသားလက်ခံခြင်းသော်လည်းကောင်း၊ ကြိုတင်ငွေလက်ခံခြင်းမျိုးများ မပြုလုပ်ပါရန်နှင့် Royal ABS Co.,Ltd သည် မည်သူတစ်ဦးတစ်ယောက်နှင့်မှ ပူးပေါင်းလုပ်ကိုင်ခြင်း၊အမည်ခွဲ၍ လုပ်ကိုင်ခြင်းများမရှိဘဲ တစ်ဦးထဲသာလုပ်ကိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သိင်္ဂီစိုး (LL.B)** | **ဒေါ်သန္တာလွင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၂၃၁၉၆)** | **(စဉ်-၇၈၆၇)** |
| **တိုက်အမှတ် (၄)၊ အခန်း (၃၀၅)** | **အမှတ် ၆၄၈၊ ဦးပုည (၁)လမ်း၊** |
| **အေးရိပ်မွန် (၉)လမ်း၊ (၅)ရပ်ကွက်** | **၁၇ ရပ်ကွက်၊ ရွှေပေါက်ကံ** |
| **လှိုင်မြို့နယ်၊ ဖုန်း-၀၉-၄၄၄၄၀၃၃၀၂** | **မြောက်ဥက္ကလာပမြို့နယ်၊** |
| | **ဖုန်း-၀၉-၅၄၁၂၅၆၇** |

### ဖခင်အမည်မှန်

မကွေးမြို့၊ အနာဂတ်ကြယ်ပွင့်လေးများ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9မှ မောင်ဘုန်းပြည့်စုံ၏ဖခင် ဦးမောင်မောင်ကျော်၏အမည်မှန်မှာ ဦးမောင်ကျော် ၈/စလန(နိုင်)၀၆၆၈၈၃ ဖြစ်ပါကြောင်း။

**ဦးမောင်ကျော်**

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်း မြို့နယ်၊ ခပေါင်းကုန်းကျေးရွာ၊ အ.ထ.က(ခွဲ) Grade-10မှ မနှင်းဟေမာန်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဇေယျာလင်း ၉/ကပတ(နိုင်)၂၀၀၉၅၈ ဖြစ်ပါကြောင်း။

**ဦးဇေယျာလင်း**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၉၂

| | | |
|---|---|---|
| ဦးရဲတေဇာအောင် | နှင့် | ဦးစိုးမြင့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁၁)လမ်း၊ အမှတ် (၂၀၇/၁)နေ တရားပြိုင် ဦးစိုးမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) နံနက်(၁၀:၀၀)နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် တင်ပြလိုသည့် စာမှတ်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သူဇာဆွေ)
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မှော်ဘီ)
## အကြိမ်(၂၀)မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားအတွက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မှော်ဘီ) အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်ကို နည်းပညာတက္ကသိုလ်(မှော်ဘီ)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါ အစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အစမ်းလေ့ကျင့်ခြင်း** - ၁၁-၁-၂၀၂၅ ရက် (စနေနေ့) နံနက် ၉:၀၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၂-၁-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက်ဘွဲ့ - ၁၅၀၀/ ( ကျပ်တစ်ထောင့်ငါးရာတိတိ )

(ခ) အဝေးရောက်ဘွဲ့ - ၁၀၀၀/ ( ကျပ်တစ်ထောင်တိတိ )

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ နည်းပညာတက္ကသိုလ်(မှော်ဘီ) မှ (၂၀၂၃-၂၀၂၄) ပညာသင်နှစ်အတွက် M.E, M.Arch, BE, B.Arch အောင်မြင်ခဲ့သူများ တက်ရောက်လျှောက်ထားနိုင်ပြီး နှစ်ဟောင်းမှ ဘွဲ့လျှောက်လွှာတင်ခြင်းမရှိ သေးသူများ အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်သည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်/အဝေးရောက် လျှောက်ထားသူများသည် နည်းပညာတက္ကသိုလ်(မှော်ဘီ)သင်တန်းရေးရာဌာနတွင် လျှောက်လွှာ ထုတ်ယူနိုင်ပြီး ကျောင်းသားနှင့်မိဘနှစ်ပါး၏ မှတ်ပုံတင်မိတ္တူ၊ မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲx နှစ်လက်မ)အရွယ် ဓာတ်ပုံ (၅)ပုံနှင့်အတူ လျှောက်လွှာ ပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး (၂၃-၁၂-၂၀၂၄) ရက်မှစ၍ (၃-၁-၂၀၂၅) ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်သည်။

၅။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အစမ်းလေ့ကျင့် ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက် နိုင်သည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူ မည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာ တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။ အသေးစိတ် အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(မှော်ဘီ) သင်တန်းရေးရာဌာန ဖုန်း-၀၉-၂၅၀၀၇၄၀၅၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဌာနကြီးမှူး(သင်တန်းရေးရာ)**
**နည်းပညာတက္ကသိုလ် (မှော်ဘီ)**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးဟုတ်ဝင်း၏သား မောင်ဥက္ကာ ၁၂/ကမန(နိုင်) ၀၉၈၀၀၅ ၏ နိုင်ငံကူးလက်မှတ် (MC-608260)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၈၉၁၈၂**

### အမည်ပြောင်း

ဦးသန်းထွန်း၏သား၊ ရေဝတီ တိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အထက (၁) Grade-7 တွင် ပညာသင်ကြားနေသော မောင်သူရိန်ကျော်အား မောင်ဝင်းဌေးမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝင်းဌေးမြင့်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊အခန်းအမှတ် (၀၀၂) (မြေညီထပ်)၊ တိုက်(၂၇)၊ အလျား (ပေ၂၅xပေ၃၀)၊ မြေပို - ၁၂ ပေအကျယ်အဝန်းရှိ ဒေါ်အေးအေးမူ အမည်ပေါက် တိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၉-၁၂-၂၀၂၄ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ငွေ ပေးချေခြင်း ကတိစာချုပ်အရ ရောင်းချသူ ဦးအောင်နိုင်ဝင်း ၁၀/မလမ(နိုင်) ၀၂၁၀၂၈အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဒေါ်မြတ်သူဇာဝင်း ၅/ကလန(နိုင်)၀၅၄၈၀၈မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ အဆိုပါတိုက်ခန်းနှင့် ပက်သက်၍ အပြီးသတ်ငွေချေပြီး တရားဝင် လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သူဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင် LL.B, D.I.L,D.B.L**
**တရားလွှတ်တော်ရှေ့နေ ၊ စဉ်-၁၂၀၈၇**
**အမှတ် ၅၁၆/ခ ၊တောင်ငူလမ်း ၊(၁၅)ရပ်ကွက် ၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၁၇၀၃၉၊ ၀၉-၉၄၀၀၇၇၉၄၄**

### သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (သကမ-၁)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၅၀၆/ခ)၊ အလျား ၂၀ပေxအနံ ၆၀ပေရှိ စလစ်မြေငှင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၄)ထပ်တိုက်နှင့် ရေမီးစုံပါ အိမ်နှင့် ခြံမြေကို ရောင်းပိုင်ခွင့်ရှိသော ဦးစန်းနိုင် (၁၂/အစန(နိုင်)၁၃၈၄၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ (မောင်ခန့်မျိုးဦးနှင့် မအေးသီရိမွန်)တို့က ၁၈-၁၂-၂၀၂၄ရက်တွင် (စလစ်မြေနှင့် ၄ထပ်တိုက်၊ ရေမီးစုံပါ အိမ်နှင့်ခြံမြေကို အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ထိုအချိန်မှစ၍ အထက်ဖော်ပြပါ (စလစ်မြေနှင့် ၄ ထပ်တိုက်)ရေမီးစုံပါအိမ်နှင့် ခြံမြေ၏ ယခုလက်ရှိပိုင်ရှင်မှာ (မောင်ခန့်မျိုးဦးနှင့် မအေးသီရိမွန်)တို့ လင်မယား နှစ်ဦးသာပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်းဖြစ်ပါသည်။ ပိုင်ရှင် (မောင်ခန့်မျိုးဦး နှင့် မအေးသီရိမွန်)တို့ မသိရှိဘဲ ရောင်းချပေါင်နှံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စိုးဝေ (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၇)**
**အမှတ် (၆၇၂)၊ မင်းစေတီလမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၆၈၃၀၈၂၅၇၊ ၀၉-၅၀၇၉၇၂၁**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၁၀၇- ရပ်ကွက်၊ မြသဇင်လမ်း ၊ အမှတ်-၅၀၃(ခ) ဟုခေါ်တွင် မြေတိုင်းရပ်ကွက် အမှတ်- ၁၀၇၊ မြေကွက်အမှတ်-၅၀၃(ခ)ဟုခေါ်တွင် သော အကျယ်အဝန်း (အလျား -၂၀x အနံ-၆၀)ပေ၊ ဧရိယာ ၀ဒသမ ၀၂၇ ဧက၊(၁၂၀၀) စတုရန်းပေ၊ အကျယ်ရှိ ဒေါ်ချိုချိုမြင့်(ဘ)ဦး ချစ်သန်း S/OKA-၁၀၂၇၅၆ အမည်ပေါက် ပါမစ်မြေကွက်အား ပါမစ်မူရင်း အဆက်စပ်စာချုပ်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်သီတာ ၁၂/သကတ(နိုင်)၁၂၄၈၄၃ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ပေးချေပြီး ဖြစ်ပါ၍ အိမ်မြေကွက် အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဤအိမ်နှင့်မြေကွက်၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစိုးမြင့်နိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဝင်းမောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၃)**
**ရုံး- အမှတ်( ၁၀/၁၂ )၊ ၃၅-လမ်း ၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၉- ၄၂၁၀၉၉၅၆၃/ ၀၉-၇၉၃၇၇၃၀၄၁**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆/ဆေးစက်၊ မြေကွက်အမှတ်- ၉၀၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ မြေကွက် တည်နေရာအမှတ်-၉၀၊ တပင်ရွှေထီးလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ၁။ ဒေါ်ကြည် ၁၂/ဒပန(နိုင်)၀၁၁၈၄၁၊ ၂။ ဒေါ်တင်တင်မြ ၁၂/ဒပန(နိုင်)၀၅၆၆၅၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်ကြည် ၊ ဒေါ်တင်တင်မြ တို့အပေါ် တရားပြိုင်ထားကာ ဦးကြည် ညွှန့်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လှဲ့လှဲ့မော်)မှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ်တရားရုံး၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့် အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ်ချမှတ်သည့် ၂၇-၁၀-၂၀၂၃ ရက်စွဲပါ စီရင်ချက် ဒီကရီအမိန့်နှင့် တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး၊ ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁/၂၀၂၄ ၏ ၃-၁-၂၀၂၄ ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ် တရားရုံး၏ ၅-၄-၂၀၂၄ ရက်စွဲပါစာအမှတ် ၈၄(က)/၁၃-၁/ ၂၀၂၄ ဖြင့် ဘီလစ် ခန့်စာတို့အရ တရားရုံးများကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၂၆၇၄၃ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၉/တကန(နိုင်)၁၁၈၆၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၇၉၁၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၀/မလမ(နိုင်) ၁၄၀၁၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/3123 Toyota Wish Zne 10, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာမြင့် ၁၄/ရကန(နိုင်) ၀၉၃၉၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/60510,Honda Scoopyi -110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းစိုး ၇/သကန(နိုင်) ၀၈၉၁၃၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြား ပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### ကွန်ပျူတာတက္ကသိုလ်(မုံရွာ)
### (၁၃) ကြိမ်မြောက်ဘွဲ့နှင်းသဘင်
### ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc.) ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာ(D.C.Sc.)ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့(B.C.Sc./B.C.Tech.) ဘွဲ့ သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအား ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၏ (၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ သင်တန်းရေးရာဌာနတွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် မြန်မာဝတ်စုံ(သို့မဟုတ်) တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့် တစ်မျိုးမျိုးဖြင့် သုံးလအတွင်း ရိုက်ကူးထားသည့် ၂လက်မ x ၁လက်မခွဲ အရွယ် ရောင်စုံဓာတ်ပုံ(၅)ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၊ ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။ **(အရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ)**

၆။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"** ဟု ဖော်ပြပြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ)သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ် နှင့် လ၊ နေရပ်လိပ်စာ အပြည့်အစုံကို တိကျစွာ ဖော်ပြရမည်။ **(ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**

၇။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို ကွန်ပျူတာတက္ကသိုလ်(မုံရွာ) သင်တန်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၉၆၃ ၀၀၈ ၄၇၈၊ ၀၉-၄၀၀ ၄၂၃ ၃၈၄ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**သင်တန်းရေးရာဌာန**
**ကွန်ပျူတာတက္ကသိုလ်(မုံရွာ)**

### ဖခင်အမည်မှန်

ရွှေညောင်မြို့၊ ဥဘဏ်အလင်းတန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မယုမြနှောင်း၏ ဖခင် အမည်မှန်မှာ ဦးထင်ဖျင် ၁၃/တကန(နိုင်)၁၄၉၈၅၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရွှေညောင်မြို့၊ ဥဘဏ်အလင်းတန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ မဇူးဇူးဟန်၏ ဖခင် အမည်မှန်မှာ ဦးထင်ဖျင် ၁၃/တကန(နိုင်)၁၉၇၃၅၂ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ Dr.ဆောင်းပိုင်စိုး ၁၄/သပန(နိုင်)၀၈၇၂၆၁၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇ ၊ မြေကွက်အမှတ်-(၁၆၄/ခ)၊ မြေဧရိယာ (အလျားပေ၂၀xအနံပေ၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ(၅)ထပ်တိုက်အဆောက်အအုံမှ တိုက်အမှတ်(၁၆၄/ခ)၊ စတုတ္ထထပ် (၅-လွှာ)၊စံပယ်လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်ဟု ခေါ်တွင်သော ရေမီးအပြည့်အစုံ တိုက်ခန်း(၁)ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်၍ အပေါင်အနှံ၊အရှုပ်အရှင်း၊ လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ စကားကမ်းလှမ်းလာသူ ဒေါ်ဝင်းရီ ၅/ရဥန(နိုင်) ၀၀၄၀၃၄ ထံမှ အဆိုပါ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ ဒေါ်ဝင်းရီထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ် ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
